မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၂ ရက်၊ ၂၀၀၉ ခုနှစ်၊ နိုဝင်ဘာ ၁၃ ရက်၊ သောကြာနေ့၊ အတွဲ (၄၉)၊ အမှတ် (၄၄)

နေပြည်တော်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်

သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီး လည်ပတ်ရန် ထွက်ခွာသွားသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့အား နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့က နေပြည်တော်လေဆိပ်တွင် ပို့ဆောင် နှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်	စီးပွားရေး ဦးတည်ချက် (၄) ရပ်	လူမှုရေး ဦးတည်ချက် (၄) ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး * အမျိုးသား ပြန်လည် စည်းလုံး ညီညွတ်ရေး * ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး * ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	* စိုက်ပျိုးရေးကို အခြေခံ၍ အခြား စီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး * နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး * အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး * မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်

သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံသမ္မတ၏ ဖိတ်ကြားချက်အရ ချစ်ကြည်ရေးခရီးလည်ပတ်ရန် သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံသို့ ထွက်ခွာ

နေပြည်တော် နိုဝင်ဘာ ၁၂

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ မဟင်ဒါရာဂျာ ပက်ခ်စာ၏ ဖိတ်ကြားချက်အရ သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ယနေ့နံနက် ၉နာရီခွဲက အထူးလေယာဉ်ဖြင့် နေပြည်တော်မှ ထွက်ခွာသွားကြသည်။

ပို့ဆောင်နှုတ်ဆက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့အား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း၊ *စာမျက်နှာ ၃ ကော်လံ ၁* ✳

ပို့ဆောင်နှုတ်ဆက်

သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ် သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီး လည်ပတ်ရန် ထွက်ခွာသွားသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီးဒေါ်ကြိုင်ကြိုင် တို့အား နိုင်ငံတော်အေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ် ရေးဦးစီးချုပ် (ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့က နေပြည် တော်လေဆိပ်တွင် ပို့ဆောင် နှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၉ခုနှစ် နိုဝင်ဘာ ၁၃ ရက်)

ငြိမ်းချမ်းရေးမှတစ်ဆင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး အရှိန်အဟုန်မြှင့်ဆောင်ရွက် ပြည်ထောင်စုစိတ်ဓာတ်အရင်းခံဖြင့် အချုပ်အခြာအာဏာကို ထိန်းသိမ်းကာကွယ်

မြန်မာနိုင်ငံသည် ရှည်လျားသောသမိုင်းတစ်လျှောက်လုံးတွင် အချုပ်အခြာအာဏာပိုင် လွတ်လပ်သောနိုင်ငံအဖြစ် ကမ္ဘာ့အလယ်တွင် တင့်တယ်ဝင့်ထည်စွာ ရပ်တည်လာခဲ့သည်။ ပြည်ထောင်စုဖွား တိုင်းရင်းသားသွေးချင်းများသည် တစ်မြေတည်းနေ တစ်ရေတည်းသောက်ကြ၍ တစည်းတလုံးတည်း နေထိုင်လာခဲ့ကြပြီး အချုပ်အခြာအာဏာကို လက်တွဲကာကွယ် စောင့်ရှောက်ခဲ့ကြသည့် အစဉ်အလာကောင်းများရှိခဲ့သည်။

ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာခဲ့သော တိုင်းရင်းသားအဖွဲ့အစည်းများ၏ နယ်ခြားစောင့်တပ် ဖွင့်ပွဲအခမ်းအနားများကို နိုဝင်ဘာလ ၈ရက်နေ့က ကချင်ပြည်နယ် အထူးဒေသ(၁)(NDAK)အဖွဲ့၏ နယ်ခြားစောင့်တပ်များကို ကချင်ပြည်နယ် ဂန့်ဂွင်း၊ လုပီ၊ စင်ကြိုင်ဒေသတို့၌ လည်းကောင်း၊ ကယားပြည်နယ် အထူးဒေသ(၂) (ကလလတ)အဖွဲ့အစည်း၏ နယ်ခြားစောင့်တပ်ကို ကယားပြည်နယ် ပန်တိန်းနှင့် စွပ်ပိုင်ဒေသ၌ လည်းကောင်း ကျင်းပခဲ့သည်။

မြန်မာနိုင်ငံတွင် ရှေးနှစ်ပေါင်းများစွာကတည်းက အေးအတူပူအမျှ နေထိုင်လာခဲ့ကြသည့် တိုင်းရင်းသားလူမျိုးများ၏သမိုင်းတွင် ထူးခြားသော ပြောင်းလဲမှုတစ်ရပ်အဖြစ် မော်ကွန်းတင်မည့် နေ့ထူးနေ့မြတ် အခါသမယပင်ဖြစ်သည်။

ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန် အရေးသုံးပါးကို မှန်မြတ်သောရည်မှန်းချက်ဖြင့် ကာကွယ်စောင့်ရှောက်ရသည့် နယ်ခြားစောင့်တပ်အဖြစ် အောင်မြင်စွာ အသွင်ကူးပြောင်းနိုင်ခဲ့ပြီ ဖြစ်သည်။ ငြိမ်းချမ်းရေးမှတစ်ဆင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်ကြီးကို အရှိန်အဟုန်မပျက် ဆက်လက်ဖော်ဆောင်ရေးအတွက် ကာကွယ်စောင့်ရှောက်ပေးနိုင်မည့် အားသစ်လောင်းမှုပင် ဖြစ်ပေသည်။

နယ်ခြားစောင့်တပ်ဖွဲ့များသည် တစည်းတလုံးတည်းဖြစ်သော တပ်မတော်အတွင်း ပါဝင်ကာ နိုင်ငံတော်အား ကာကွယ်စောင့်ရှောက်ကြခြင်းဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုနှင့် ပေါင်းစည်းမှုကို ပိုမိုဖြစ်ထွန်းစေလျက် နိုင်ငံတော်အား ကာကွယ်စောင့်ရှောက်ရသည့်တာဝန်ကို ဂုဏ်ယူစွာ ထမ်းရွက်နိုင်ခွင့်ရရှိကြပြီဖြစ်၍ တိုင်းရင်းသားပြည်သူတို့၏ ချစ်ခင်အားပေးထောက်ခံမှုကို တစ်ခဲနက် ရရှိသွားကြမည်ဖြစ်သည်။

သို့ဖြစ်ပေရာ တိုင်းရင်းသားအဖွဲ့အစည်းများ၏ နယ်ခြားစောင့်တပ်ဖွဲ့များသည် နယ်စပ်ဒေသများ ထာဝရငြိမ်းချမ်းရေးရရှိရန်အတွက် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အရှိန်အဟုန်မပျက် နိုင်ငံတော်နှင့်အတူ လက်တွဲဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။



၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် ချောက်မြို့နယ်စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူဆောင်ရွက်လျက်ရှိသော ကျေးလက်ရေပေးရေးလုပ်ငန်း သွေးနက်ကျေးရွာအုပ်စု ကြီးနီကျေးရွာ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်မှုကို နိုဝင်ဘာ ၅ရက်က ချောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးသန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်မိုးသွင်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မြဝတီရုပ်မြင်သံကြား

၁၃-၁၁-၂၀၀၉ (သောကြာနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ တရားတော်
- ၇း၁၀ ၃။ ခမ္မပူဇာတေး
- ၇း၂၀ ၄။ မျိုးချစ်တပ်မတော်
- ၇း၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၆။ မြန်မာသံစဉ်ချိုနှားဝင်
- ၇း၄၅ ၇။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
- ၇း၅၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၉။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ အိုင်စီတီသုတ
- ၄း၂၀ ၄။ ရင်ခုန်စီးဆင်း အချစ်သီချင်း
- ၄း၃၅ ၅။ မဟာဂီတ ချိုကြည်မြ
- ၄း၅၅ ၆။ မျိုးချစ်တပ်မတော်
- ၅း၀၀ ၇။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၅း၁၅ ၈။ အလွမ်းတေးပန်းချီ ချစ်သူဆီ
- ၅း၂၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅း၃၀ ၁၀။ **သဘာဝပတ်ဝန်းကျင်နှင့် တောတွင်းတိရစ္ဆာန်များ အကြောင်း** (အပိုင်း-၃)
- ၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
- ၆း၂၅ ၁၃။ လျှပ်တစ်ပြက်
- ၆း၃၀ ၁၄။ "ရွာ" ဟာသဇာတ်လမ်းတွဲ **ပန်းချိုင့်(မေတ္တာ၊ ပေါ်လေး၊ ချစ်ဖွယ်)**
- ၆း၅၀ ၁၅။ စောင့်မျှော်ရှုစားကြိုးဝိုင်းစကား
- ၇း၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရာဇဝင်ထဲကပန်းတစ်ပွင့်** (အပိုင်း-၁၈)
- ၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ နိုင်ငံတကာသတင်း
- ၁၉။ မိုးလေဝသသတင်း
- ၂၀။ အမျိုးသားရေးတေးကဗျာ
- ၂၁။ စိုက်ပျိုးသုတ
- ၂၂။ ရှင်သန်နေသောသီချင်းများ (Living Songs) **တေးရေး -ဇော်မင်းလေး (အပိုင်း -၂)**
- ၂၃။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
- ၂၄။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **လူငယ်ပေါင်းချိန်**(တတိယတွဲ) (အပိုင်း-၂၆)

ကျောက်ပန်းတောင်းမြို့နယ်၌ စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်

ကျောက်ပန်းတောင်း နိုဝင်ဘာ ၁၂

ကျောက်ပန်းတောင်းမြို့နယ် ကန်ပတ်လည်အုပ်စု ညောင်ဖြူပင်ကျေးရွာတွင် အောက်တိုဘာ၂၇ရက်က အလင်းရောင်ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်

ဖွင့်ပွဲတွင် ကျောက်ပန်းတောင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးအေးနွဲ့နှင့် ညောင်ဖြူပင်ကျေးရွာ ဥက္ကဋ္ဌ ဦးမောင်ချိုတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

တည်တံ့ရေး

အခမ်းအနားတွင် ကန်ပတ်လည်အုပ်စုဥက္ကဋ္ဌ ဦးမြင့်သန်းက အမှာစကားပြောကြားပြီး မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးနွဲ့က စာကြည့်တိုက် ရေရှည်တည်တံ့ရေးလုပ်ငန်းများကို ရှင်းလင်းဆွေးနွေးပြီး ညောင်ဖြူပင်ကျေးရွာဥက္ကဋ္ဌ ဦးမောင်ချိုက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ (မြို့နယ် ပြန်/ဆက်)

အမျိုးသားနေ့ မြင်းမူမြို့နယ်၌ ကျင်းပ

မြင်းမူ နိုဝင်ဘာ ၁၂

၁၃၇၁ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ရက်တွင်ကျရောက်သော (၈၉)နှစ်မြောက် အမျိုးသားနေ့အခမ်းအနားကို နိုဝင်ဘာ ၁၁ရက် နံနက် ၇နာရီက မြင်းမူ အထကခန်းမ၌ကျင်းပရာ န၀မတန်းကျောင်းသား ကျောင်းသူများက ပြည်မြန်မာသီချင်းဖြင့် အခမ်းအနားကို ဖွင့်လှစ်ခဲ့ပြီး မြို့နယ်ဥက္ကဋ္ဌ ဦးကျော်သောင်းက (၈၉)နှစ်မြောက် အမျိုးသားနေ့သဝဏ်လွှာကို ဖတ်ကြားသည်။

ဆက်လက်ပြီး အမျိုးသားနေ့အထိမ်းအမှတ် အလယ်တန်းနှင့် အထက်တန်းအဆင့် ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများနှင့် နှစ်သိမ့်ဆုရရှိသူများအား မြို့နယ်ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများက ဆုချီးမြှင့်ကြပြီး သီချင်းသီဆိုသော ကျောင်းသား ကျောင်းသူများအား မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းတို့မှ တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်သည်။ **(၀၃၅)**

ပခုက္ကူမြို့ အထက(၂) မြတ်ဆရာပူဇော်ပွဲ

ပခုက္ကူ နိုဝင်ဘာ ၁၂

ပခုက္ကူမြို့ အထက(၂)၏ (၁၆)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို လာမည့် ဒီဇင်ဘာ၂၄ရက်(စနေနေ့)တွင် အထက(၂) ပိတောက်ဆောင်ခန်းမ၌ ကျင်းပမည် ဖြစ်ရာ ရပ်နီးရပ်ဝေးမှ ကန်တော့ခံ အငြိမ်းစား ဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြပါရန်နှင့် အလှူငွေ ပါဝင်လှူဒါန်းလိုသူများသည် ဦးကြည်ဝင်း(ရန်ကုန်)ဖုန်း-၀၁-၇၂၀၂၀၂၊ ဒေါ်စန်းစန်း(ရန်ကုန်) ဖုန်း-၀၁-၅၁၇၀၁၇၊ ဦးစိန်ဝင်း(မန္တလေး) ဖုန်း- ၀၂-၃၈၂၀၀၊ ဦးလှအောင်(မန္တလေး) ဖုန်း-၀၂-၂၆၃၁၂၊ ဦးလှသောင်(ပခုက္ကူ) ဖုန်း-၀၆၂-၂၁၅၅၂၊ ဗိုလ်ကြီးမောင်ကျော်(ငြိမ်း) ဖုန်း-၀၆၂-၂၁၁၇၄၊ ဦးယဉ်ထွန်း (ပခုက္ကူ) ဖုန်း-၀၉-၂၃၀၁၀၈၆ နှင့် ဆရာဦးစိန်အောင် (အထက-၂) ဖုန်း-၀၆၂-၂၁၀၇၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (၀၇၀)

မော်လမြိုင်ကျွန်း အထက(၁) စိန်ရတုနှင့်အာစရိယပွဲ ကျင်းပမည်

မော်လမြိုင်ကျွန်း နိုဝင်ဘာ ၁၂

ဧရာဝတီတိုင်း မော်လမြိုင်ကျွန်းမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း (ယခင် အစိုးရအထက်တန်းကျောင်း)၏ စိန်ရတုသဘင်ပွဲတော်နှင့် (၂၅)နှစ်မြောက် ငွေရတုသဘင် အငြိမ်းစားဆရာ ဆရာမများအား ပူဇော်ကန်တော့ပွဲကို ဒီဇင်ဘာ ၂၅ရက်မှ ၂၇ရက်အထိ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပမည်ဖြစ်ရာ အငြိမ်းစား ဆရာ ဆရာမကြီးများ ပူဇော်ပွဲသို့ ကြွရောက်အပူဇော်ခံကြရန်နှင့် ကျောင်းသား ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကန်တော့ကြရန် ဖိတ်ကြားနိုးဆော်ထားသည်။

ကျောင်းသား ကျောင်းသူဟောင်းများသည် ဦးကိုကိုလွင် ဖုန်း-၀၄၂-၅၀၅၆၆၊ ၀၄၂-၅၀၃၄၉၊ ဦးချိုဝင်း ဖုန်း-၀၄၂-၅၀၃၂၅၊ ဦးလှစိုး ဖုန်း-၀၄၂-၅၀၂၁၃၊ ဦးတင်လှိုင် ဖုန်း-၀၄၂-၅၀၂၆၇၊ ကျင်းပရေးကော်မတီရုံး အထက(၁) ဖုန်း-၀၄၂-၅၀၀၀၃နှင့် မော်လမြိုင်ကျွန်းမြို့ မြန်မာ့စီးပွားရေးဘဏ် ငွေစာရင်းရှင်အမှတ်(S. ၁၄၅)စိန်ရတု၊ ငွေရတုပွဲတော်များကျင်းပရေးကော်မတီ ငွေစာရင်းခေါင်းစဉ်သို့ ဆက်သွယ်ပေးပို့ လှူဒါန်းနိုင်ကြောင်း သိရသည်။ (၁၄၂)

ခြင်ဆေးဖျန်း

ကရသူရိမြို့ စည်ပင်သာယာရေး အဖွဲ့က ခြင်ဆေးဖျန်းခြင်း လုပ်ငန်း အထက ၌ ဆောင်ရွက်မှုကို အောက်တိုဘာ ၂၅ရက်က မြို့ တာဝန်ခံ ဦးမင်းအောင် ကြီးကြပ်ဆောင်ရွက်စဉ်။ (တိုင်းစည်ပင်)

* ရှေ့ဖုံးမှ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၏ဇနီး ဒေါ်ကြည်ကြည်အုန်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)ဒုတိယဗိုလ်ချုပ်ကြီးညဏ်ထွန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ်တိုင်းမှူးနှင့်ဇနီး၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ သံရုံးမှ သံရုံးယာယီတာဝန်ခံ Mr. Indika Premadasa တို့က နေပြည်တော်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

လိုက်ပါ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့နှင့်အတူ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအဖြစ် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့်ဇနီး ဒေါ်ခင်စောနှင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့်ဇနီး၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်ငွေနှင့် ဇနီး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးနှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါသွားကြသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံပြန်တမ်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်း အကြီးအကဲများအား အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့် နေ့မှစ၍ အတည်ပြု ခန့်ထားလိုက်သည်-

အမည်	ဝန်ထမ်းအဖွဲ့အစည်းအကြီးအကဲ ရာထူး၊ဌာန
(က) ဦးစံရွှေသာ	ညွှန်ကြားရေးမှူးချုပ် ဗဟိုပြည်တွင်း ကုန်တင်ကုန်ချကော်မတီရုံး အလုပ်သမားဝန်ကြီးဌာန
(ခ) ဦးယုလွင်အောင်	ဥက္ကဋ္ဌ လူမှုဖူလုံရေးအဖွဲ့ အလုပ်သမားဝန်ကြီးဌာန

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးသိပ္ပံပညာဦးစီးဌာန၊ ဆေးဝါးတက္ကသိုလ်(ရန်ကုန်)၊ ဆေးဝါးဗေဒဌာနမှ ပါမောက္ခ/ဌာနမှူး ပါမောက္ခ ဒေါက်တာဒေါ်မာလာမြင့်အား ယင်းတက္ကသိုလ် ပါမောက္ခချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့် နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

လျှပ်စစ်(၁)ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း ရဲရွာရေလှောင်တမံစီမံကိန်း စစ်ဆေး

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း ရဲရွာရေလှောင်တမံစီမံကိန်းလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နေပြည်တော် နိုဝင်ဘာ ၁၂

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး ဇော်မင်းသည် နိုဝင်ဘာ ၉ရက် မွန်းလွဲပိုင်းက မန္တလေးမြို့ အရှေ့တောင်ဘက် ၃၁မိုင်အကွာ ရဲ-ယမန်းရွာအနီး မြစ်ငယ်မြစ်ပေါ်၌ အမှတ်(၂) တည်ဆောက်ရေးက အကောင်အထည်ဖော် ဆောင်ရွက်နေသော ရဲရွာ ရေလှောင်တမံစီမံကိန်း လုပ်ငန်းခွင်သို့ ရောက်ရှိရာ စီမံကိန်းရှင်းလင်းဆောင်၌ တည်ဆောက်ရေး ညွှန်ကြားရေးမှူး ဦးနေမျိုးဝင်းက စီမံကိန်းလုပ်ငန်းခွင်အတွင်း ဆောင်ရွက်ပြီးစီးပြီဖြစ်သော ရေလွှဲဥမင်လိုဏ်လုပ်ငန်း၊ ရေလွှဲဥမင်လိုဏ်အဝင်အထွက်လုပ်ငန်း၊ (R.C.C) ပင်မတမံလုပ်ငန်း၊ ရေပိုလွှဲလုပ်ငန်းနှင့် ရေယူအဆောက်အအုံလုပ်ငန်း အခြေအနေများကိုလည်းကောင်း၊ ဆောင်ရွက်ဆဲလုပ်ငန်းများဖြစ်သော ဖိအားမြှင့် သံမဏိပိုက်လိုင်း တပ်ဆင်ခြင်းလုပ်ငန်း၊ ဓာတ်အားပေး စက်ရုံ ဆောက်လုပ်ခြင်းလုပ်ငန်း၊ ရေထုတ်မြောင်းလုပ်ငန်းနှင့် ဓာတ်အားခွဲရုံ တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကိုလည်းကောင်း၊ ရဲရွာတမံ စတင်ရေသိုလှောင်ရန်အတွက် စီစဉ်ထားသော လုပ်ငန်းအဆင့်ဆင့်ကိုလည်းကောင်း ရှင်းလင်းတင်ပြပြီး ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဇော်က ဖြည့်စွက်ရှင်းလင်း တင်ပြသည်။

ထို့နောက် ဝန်ကြီးသည် တမံရေသိုလှောင်မှုအစီအစဉ်အတွက် Up Stream ရှိDiversion Tunnel No.2 Gate တံခါးချရန် အဆင်သင့်အနေအထား ပြင်ဆင်နေမှုနှင့် Diversion Tunnel No.1 မှ ရေလွှတ်ထုတ်ပေးနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် တမံ ယာဘက်ကမ်းနှင့် ဝဲဘက်ကမ်းတို့ကို ဆက်သွယ်ထားသော ရေပိုလွှဲတံတား ဆောက်လုပ်ပြီးစီးမှု၊ ပင်မတမံ တည်ဆောက်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ဓာတ်အားပေးစက်ရုံအတွင်း Unit-1 Rotor လုပ်ငန်းများ ဆောင်ရွက်နေမှု၊ Stator လုပ်ငန်းဆောင်ရွက်နေမှုနှင့် Decoration works အပိုင်းများ ပြုလုပ်မည့် နေရာတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ Switch Yard တည်ဆောက်နေမှုနှင့် ရေထုတ်မြောင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဘာသာရပ်ဆိုင်ရာ ဟောပြောပွဲကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၁၂

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်က ကြီးမှူးကျင်းပသော လစဉ်ဘာသာရပ်ဆိုင်ရာ ဟောပြောပွဲ (၃/နိုဝင်ဘာ/၂၀၀၉)ကို နိုဝင်ဘာ၁၃ရက် **(ယနေ့)** (သောကြာနေ့) နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ UMFCCI Office Tower ပထမထပ်ခန်းမ၌ ကျင်းပမည်ဖြစ်ရာ ကိုရီးယားသမ္မတနိုင်ငံ Incoaching Co., ဥက္ကဋ္ဌ Dr.Hoong Ui-Suk က Leadership for Successful Business ခေါင်းစဉ်ကို မြန်မာစကားပြန်ဖြင့်ဟောပြောမည် ဖြစ်သည်။

တက်ရောက်နိုင်

အဆိုပါဟောပြောပွဲသို့ ကုန်သည်/စက်မှုအသင်းချုပ်နှင့် ညီနောင်အသင်းများမှ ဥက္ကဋ္ဌများ၊ အမှုဆောင်များ၊ အသင်းဝင်များနှင့် စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာလူငယ်အသင်း GUAM အသင်းကို အနိုင်ရရှိ

ရန်ကုန် နိုဝင်ဘာ ၁၂

အာရှဘောလုံးအဖွဲ့ချုပ် (AFC)က ကြီးမှူးကျင်းပသော ၂၀၁၀ခုနှစ် U-19 ဘောလုံးပြိုင်ပွဲအတွက် ခြေစစ်ဘောလုံးပြိုင်ပွဲကို နိုဝင်ဘာ ၁၁ရက် ညနေပိုင်းက တရုတ်ပြည်သူ့သမ္မတနိုင်ငံ ZIBO SPORTS CENTRE ၌ ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲတွင် မြန်မာလူငယ်ဘောလုံးအသင်းနှင့် GUAM အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မြန်မာလူငယ်အသင်းက သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။မြန်မာလူငယ်အသင်းသည် ငါးပွဲကစား၊ သုံးပွဲရှုံး၊ နှစ်ပွဲနိုင်ခဲ့သည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၁၃-၁၁-၂၀၀၉ (သောကြာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ အင်္ဂုဇယမင်္ဂလံ (ယဉ်ဝေယံထွန်း၊ တေးရေးဂီတစာဆိုမျိုးနွယ်ဆွေ)
- ၇:၅၀ ၅။ အတီးပြိုင်ပွဲ
- ၈:၀၀ ၆။ သံသာချိုအေး မင်္ဂလာတေး
- ၈:၁၅ ၇။ **ရေအကျိုးဆယ်ပါး မတောင်းဘဲပြည့်စေသား**
- ၈:၃၀ ၈။ **အသက်ကလေးရယ်တဲ့ ရှည်စေလို**
- ၈:၄၀ ၉။ International News
- ၈:၄၅ ၁၀။ ကြေးမုံရိပ်သွင်းတေးနုယဉ်

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး စစ်သည်တေး
- ၄:၁၀ ၂။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာ တေးသံသာ
- ၄:၁၅ ၃။ အကပြိုင်ပွဲ
- ၄:၃၀ ၄။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ်(သတ္တဗေဒအထူးပြု) (သတ္တဗေဒ)
- ၄:၄၅ ၅။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၅၀ ၆။ နှောင်းခေတ်တေးပဒေသာ
- ၅:၀၀ ၇။ မြန်မာစာ မြန်မာစကား
- ၅:၁၅ ၈။ **အမှန်ထင်နေသောအမှား** ခန့်စည်သူ၊ အေးမြတ်သူ၊ ၄က်ပျောကြော် (ဒါရိုက်တာ-ဖုန်းမြင့်အောင်)
- ၅:၂၅ ၉။ သဘာဝပတ်ဝန်းကျင်နှင့် ကြွပ်ကြွပ်အိတ်
- ၅:၄၀ ၁၀။ ပဋ္ဌလက်ကျောင်းတော်
- ၆:၀၀ ၁၁။ ညနေခင်းသတင်း
- ၆:၁၅ ၁၂။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၁၃။ **သုတစုံလင်ရွှေညာဏ်ရှင်**
- ၆:၄၅ ၁၄။ တေးဂီတအစီအစဉ်
- ၇:၀၀ ၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **မေတ္တာလောင်းရိပ်**(အပိုင်း-၁၂)
- ၈:၀၀ ၁၆။ ပြည်တွင်းသတင်း
- ၁၇။ နိုင်ငံတကာသတင်းများ
- ၁၈။ မိုးလေဝသအခြေအနေ
- ၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **မေတ္တာလမ်းဆုံ** (အပိုင်း-၇၄)
- ၂၀။ သီချင်းချစ်သူ(ကဗျာဘွဲ့မှူး)

အရှေ့ပိုင်းဒေသများ ညအပူချိန် အနည်းငယ်ကျဆင်းဖွယ်ရှိ

နေပြည်တော် နိုဝင်ဘာ ၁၂

<u>ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ</u> လွန်ခဲ့သော ၂၄ နာရီအတွင်းက တစ်ပြည်လုံးတွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းအောက်ပိုင်းတို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ၊ စစ်ကိုင်းတိုင်းအထက်ပိုင်းတွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ပြီး မွန်ပြည်နယ်တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် ၄ ဒီဂရီစင်တီဂရိတ်၊ ကယားပြည်နယ်တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ ဒီဂရီစင်တီဂရိတ်ပိုခဲ့ကာ ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ ထူးခြားသည့်ညအပူချိန်မှာ ဟားခါးမြို့တွင် ၄ ဒီဂရီစင်တီဂရိတ်ဖြစ်သည်။

<u>ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ</u> ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းနှင့် အနောက်မြောက်ပိုင်းတို့တွင် တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

<u>နိုဝင်ဘာ ၁၃ရက် ညနေအထိ ခန့်မှန်းချက်မှာ</u> မန္တလေးတိုင်းတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်မှအပ တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

<u>မြန်မာ့ပင်လယ်ပြင်တွင်</u> လှိုင်းအနည်းငယ်သာရှိမည်။

<u>နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ</u> မြန်မာနိုင်ငံအရှေ့ပိုင်းဒေသများတွင် ညအပူချိန်များ အနည်းငယ်ကျဆင်းနိုင်သည်။

<u>နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် နိုဝင်ဘာ ၁၃ရက် ညနေအထိ ခန့်မှန်းချက်မှာ</u> တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

<u>မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နိုဝင်ဘာ ၁၃ရက် ညနေအထိ ခန့်မှန်းချက်မှာ</u> တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

■ *ကျောဖုံးမှ*

ယင်းကဲ့သို့ နှစ်နိုင်ငံသံတမန်အဆက်အသွယ်ပြုလုပ်ရန် သဘောတူညီချက်ကို ကုလသမဂ္ဂဆိုင်ရာ မြန်မာ အမြဲတမ်းကိုယ်စားလှယ်နှင့် ဘာရိန်း အမြဲတမ်းကိုယ်စားလှယ်တို့သည် ၂၀၀၉ခုနှစ် နိုဝင်ဘာ ၁၀ရက်တွင် နယူးယောက်မြို့၌ လက်မှတ်ရေးထိုးကြသည်။

မြန်မာနိုင်ငံသည် ကမ္ဘာ့နိုင်ငံများနှင့် သံတမန်ဆက်ဆံမှု တိုးချဲ့ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ဘာရိန်းနိုင်ငံသည် မြန်မာနိုင်ငံ၏ နိုင်ငံ(၁၀၀)မြောက် သံတမန်ထူထောင်သည့် နိုင်ငံဖြစ်သည်။

(သတင်းစဉ်)

The Live News ဂျာနယ် ယခုအပတ်ဖြန့်ချိ

နေပြည်တော် နိုဝင်ဘာ ၁၂

ယခုအပတ်ထုတ် The Live News ဂျာနယ်အမှတ် ၁၅၅တွင် ဆင်ဖြူကျွန်းအောင်သိန်း၏ ဆွမ်းအောင်ပွဲကာလ၊ မြင်းမူမောင်နိုင်မိုး၏ နိုင်ငံတကာစုံညီစွာကဗျာရွတ်တဲ့ပွဲ၊ နီမင်းဆွေ၏ ဆင်ဖြစ်ရင်လည်း တစ်ကိုင်းတည်းနားပါရစေ၊ ကိုကိုလှိုင်၏ ဦးနှင်းပွဲထောင်၊ အာဖဂန်နှင့် အမေရိကန်တပ်တွင်း ပစ်ခတ်မှု၊ မောင်မြတ်မွန်(ဆူးလေ)၏ ရွှေတိဂုံထီးရိပ်အောက်က ရှင်ဂါဖြေလအသင်းတော်၊ အောင်လျှမ်းဝေ၏ မောရဝတီမော်ရွှေမြိုင်မှ လေးကျွန်းဆီမီးသိမ်တော်ကြီးသို့၊ ကြိုင်လျှမ်း၏ ပင်လယ်ပျော် မင်းသား အင်္ဂလိပ်စကား (၂၅)၊ တက္ကသိုလ်မောင်သုလှိုင်၏ ပုဂံမင်းဆက်များရာဇဝင်(၆)၊ နီငြိမ်း(အညာတက္ကသိုလ်)၏ ကမ္ဘာ့တောင်ဖျားက ဩစတြေးလျသို့ အလည်တစ်ခေါက် အပိုင်း(၁၂)၊ သန့်စင်လတ် (ပညာရေး)၏ ကရဏာလမ်းမှ မညှိုးပန်းတစ်ပွင့်၊ ဝဏ္ဏဦး(ရောမြေ)၏ ရင်တွင်းစေတနာ၊ အာရှမိုး၏ အာရှအရှေ့ဖျားအင်အားကြီးများနှင့် အာဆီယံ၊ ထွဋ်ဝင်းထွဋ်၏ တရုတ်လူငယ်တွေ အရည်အချင်းပြည့်တဲ့ ပညာရှင်တွေဖြစ်လာဖို့ ဘယ်လိုကြိုးပမ်းနေသလဲ၊ လူပန်းအိမ်၏ ၂၁ရာစုကမ္ဘာ့ခေါင်းဆောင်များ(၁) အမေရိကန်သမ္မတ ဘားရက်အိုဘားမား၊ တက္ကဆက်ပြည်နယ် 'ဖို့ဟုဒ်'စစ်အခြေစိုက်စခန်းမှာ သေနက်ပစ်မှုဖြစ်ပွားရာ ၁၃ဦးသေဆုံး၊ ရှဉ့်လည်းလျှောက်သာ ပျားလည်းစွဲသာ မာရင်ဂျောင်းရဲ့နိုင်ငံရေးဗျူဟာ၊ အမေရိကန်တွင်ဖမ်းမိသော အကြီးမားဆုံး ဆိုင်ဘာရာဇဝတ်ဂိုဏ်းကြီး၊ ရာဇဝတ်မှုကြီးရှစ်မှုအတွက် အပြစ်ရှိကြောင်း နယူးယောက် ရဲမင်းကြီး ဝန်ခံ၊ အိန္ဒိယတွင် ငွေစက္ကူအတုများ စစ်ဆေးတွေ့ရှိ၊ ကမ္ဘာ့ငွေကြေးလဲလှယ်နှုန်း၊ ကမ္ဘာ့ရွှေဈေး၊ မြန်မာ့ရွှေဈေး၊ မြဝတီရုပ်မြင်ပေါ်က ရုပ်ရှင်၊ ထင်ပေါ်ကျော်ကြား ကိုရီးယားအနုပညာရှင်များ စသည့် သတင်း၊ ဆောင်းပါး၊ အားကစား၊ အနုပညာကဏ္ဍများဖြင့် ဝေဝေဆာဆာ ဖော်ပြပါရှိသည်။

The Live News ဂျာနယ်အား အပတ်စဉ် စနေနေ့တိုင်း ဖတ်ရှုသူ အိမ်အရောက်ပေးပို့ရန် စီစဉ်ထားရာ လစဉ်ကြေးဖြင့် ဖတ်ရှုလိုသူများ သုံးလ ၁၃စောင် ငွေကျပ် ၅၈၅၀၊ ခြောက်လ ၂၆စောင် ငွေကျပ် ၁၁၇၀၀နှုန်းထားများဖြင့် ရွှေပြည်စိုးစာပေတိုက် အမှတ်(၃၁၀) အခန်း(၀၄) ဝါးတန်းလမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၂၉၈၈၅၊ ၂၁၅၀၈၁ နှင့် Market Care (Distribution Service) အမှတ် ၅၅ ပထမထပ် ဝါးတန်းလမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၂၃၉၇၃၊ ၀၉-၅၀-၀၈၀၄၇တို့သို့ မှာယူဖတ်ရှုနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

အောက်တိုဘာ ၂၀ရက်က သွေးလွန်တုပ်ကွေး ကာကွယ်ရေးအတွက် ကချင်ပြည်နယ် ကျန်းမာရေးဦးစီးဌာန ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအေးငြိမ်း၊ ပြည်နယ် ကျန်းမာရေးဌာန ၄က်ဖျားတာဝန်ခံ ဒေါက်တာတင်ထွန်းဦးနှင့် မြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဖြူမာမြင့်နှင့် ကျန်းမာရေးဝန်ထမ်းများ ရပ်ကွက်အတွင်း ကွင်းဆင်းလျက် (အဘိတ်ဆေး) ပိုးလောက်လမ်း ကာကွယ်ဆေးများကို ရေကန်များအတွင်းသို့ အိမ်တိုင်ရာရောက် ဆေးခတ်ကြစဉ်။ (၀၀၃)

လက်ဘနွန်အစိုးရအဖွဲ့ သစ် ဝန်ကြီးချုပ်ဆာအက်ဟာရီရီ ထုတ်ပြန်ကြေညာ

ဘေရွတ် နိုဝင်ဘာ ၁၂

လက်ဘနွန်အတိုက်အခံ ခေါင်းဆောင်များနှင့် လေးလကြာ စေ့စပ်ဆွေးနွေးပြီးနောက် လက်ဘနွန်ဝန်ကြီးချုပ် ဆာအက်ဟာရီရီက အမျိုးသားညီညွတ်ရေးအစိုးရအဖွဲ့သစ်ကို ထုတ်ပြန်ကြေညာလိုက်သည်။

အစိုးရအဖွဲ့ဝင် ဝန်ကြီး၃၀ပါဝင်သည့်အဖွဲ့ကို ကြေညာရာ၌ ဝန်ကြီးချုပ်၏ မတ်လ ၁၄ရက်အုပ်စုမှ ၁၅ဦးနှင့် အတိုက်အခံပါတီဝင်များမှ ၁၀ဦး ပါဝင်သည်။ အရေးပါသော ပြည်ထဲရေးနှင့် ကာကွယ်ရေးဝန်ကြီးများအပါအဝင် ကျန်ဝန်ကြီးငါးဦးကို သမ္မတ မိုက်ကယ်စလေမန်က ခန့်အပ်သည်။

ပါဝင်

နောက်ဆုံးတွင် မိမိတို့နိုင်ငံ၌ အမျိုးသားညီညွတ်ရေးအစိုးရအဖွဲ့တစ်ဖွဲ့ကို ထူထောင်နိုင်ပြီဖြစ်ကြောင်း နိုဝင်ဘာ ၉ ရက်က ထုတ်ပြန်ကြေညာပြီးနောက် ဝန်ကြီးချုပ် ဆာအက်ဟာရီရီက သတင်းထောက်များအား ပြောကြားသည်။ ဟစ်ဇ်ဘိုလာအဖွဲ့မှလည်း အစိုးရအဖွဲ့တွင် ဝန်ကြီးနှစ်ဦးပါဝင်သည်။ **(အင်တာနက်)**

ခရီးသည်တင်လေယာဉ်

ပြင်သစ်လေကြောင်းလိုင်းမှ ပထမဆုံးလက်ခံရရှိသည့် အဲဘတ်စ် အေ-၃၈၀ ခရီးသည်တင်လေယာဉ်တစ်စင်းကို ပါရီမြို့ရှိ အော်ရီလေဆိပ်၌ နိုဝင်ဘာ ၁၁ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

အေကေ-၄၇ ရိုင်ဖယ်တီထွင်သူ ကဗျာဆရာတစ်ဦးဖြစ်ရန် ဆန္ဒရှိခဲ့

မော်စကို နိုဝင်ဘာ ၁၂

ကမ္ဘာကျော် အေကေ-၄၇ ရိုင်ဖယ်သေနတ်ကိုတီထွင်သူ ရုရှားစစ်တပ်မှ မီခေးလ်ကလပ်ရှ်နီကော့ဗ်သည် နိုဝင်ဘာ ၁၀ရက်က အသက် ၉၀ ပြည့်သွားပြီဖြစ်သဖြင့် ကရင်မလင်၌ သူ့မွေးနေ့ပွဲ အခမ်းအနားကျင်းပသည်။

ပေးအပ်ချီးမြှင့်

ရုရှားသမ္မတ ဒီမီထရီမက်ဗီဒက်ဗ်က ထိုအခမ်းအနားတွင် မီခေးလ်ကလပ်ရှ် နီကော့ဗ်အား ရုရှားဂုဏ်ထူးဆောင် သူရဲကောင်းဘွဲ့တံဆိပ် ပေးအပ်ချီးမြှင့်ပေးအပ်ခဲ့သည်။

ဆန္ဒရှိ

ဒုတိယကမ္ဘာစစ်ကြီးအတွင်း နာဇီတို့ လက်ချက်ဖြင့် ဒဏ်ရာရပြီးနောက် သူက အေကေ-၄၇ ရိုင်ဖယ်ဒီဇိုင်းကို တီထွင်ခဲ့သည်။ ယခုအခါ အဆိုပါလက်နက်သန်း ၁၀၀ ကျော် ကမ္ဘာအနှံ့ သုံးစွဲနေသည်။ ငယ်စဉ်ကမူ မီခေးလ်ကလပ်ရှ်နီကော့ဗ်သည် ကဗျာဆရာဖြစ်ရန် ဆန္ဒရှိခဲ့သူဖြစ်သည်။ **(အင်တာနက်)**

အာဖရိကတိုက်ပြည်သူ သန်း ၂၀ကျော် အရေးပေါ်ရိက္ခာ အကူအညီများ လိုအပ်

ရောမ နိုဝင်ဘာ ၁၂

ကင်ညာ၊ အီသီယိုးပီးယား၊ ယူဂန္ဒာ၊ ဆိုမာလီယာနှင့် ဆူဒန်စသော အာဖရိကတိုက် အရှေ့ပိုင်းနိုင်ငံများတွင် မိုးခေါင်မှုနှင့် စစ်မက်ဖြစ်ပွားမှုတို့ကြောင့် ပြည်သူသန်း ၂၀ကျော်တို့ အရေးပေါ်စားနပ်ရိက္ခာ အကူအညီများ လိုအပ်နေကြောင်း ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (အက်ဖ်အေအို)က နိုဝင်ဘာ ၁၁ ရက်၌ ကြေညာသည်။

မြင့်မား

အာဖရိကတိုက် အရှေ့ပိုင်းဒေသအများအပြားတွင် မိုးခေါင်ရေရှားသဖြင့် သီးနှံအထွက်နှုန်းများ ကျဆင်းကာ ကျွဲနွားစားကျက်များ ခြောက်သွေ့မှု၊ စစ်မက်ဖြစ်ပွားမှု အရှိန်တိုးလာခြင်း၊ ကုန်သွယ်မှု ဖရိုဖရဲဖြစ်ခြင်းနှင့် စားသောက်ကုန်ဈေးနှုန်းများ မြင့်မားလာခြင်းတို့ကြောင့် ပြည်သူတို့၏ စားသောက်ရေးအခြေအနေများ စိုးရိမ်ဖွယ်ရာ ဖြစ်လာရသည်ဟုလည်း အက်ဖ်အေအိုကြေညာချက်၌ ဖော်ပြထားသည်။ အမ်အင်န်အေ၊ရိုက်တာ

တရုတ်ဒုတိယဝန်ကြီးချုပ် ရိက္ခာဖူလုံရေး ညီလာခံသို့ တက်ရောက်မည်

ပေကျင်း နိုဝင်ဘာ ၁၂

တရုတ်နိုင်ငံ ဒုတိယဝန်ကြီးချုပ် ဟီလောင်ယုသည် ကုလသမဂ္ဂစားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့ (အက်ဖ်အေအို) ညွှန်ကြားရေးမှူးချုပ် ဂျက်ဒါ၀ပ်၏ ဖိတ်ကြားချက်အရ အီတလီနိုင်ငံ ရောမမြို့၌ နိုဝင်ဘာ ၁၆ရက်မှ ၁၈ရက်အထိကျင်းပမည့် ကမ္ဘာ့စားနပ်ရိက္ခာ ဖူလုံရေး ထိပ်သီးအစည်းအဝေးသို့ တက်ရောက်မည်ဖြစ်ကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။

ဟီအနေဖြင့် ဆီးရီးယားဒုတိယဝန်ကြီးချုပ် အဗ္ဗဒူလက်ချ်အယ်လ်-ဒါဒါရီ၏ ဖိတ်ကြားချက်အရ နိုဝင်ဘာ ၁၈ရက်မှ ၂၀ရက်အတွင်းတွင် ဆီးရီးယားနိုင်ငံသို့ အလည်အပတ်သွားရောက်ရန် စီစဉ်ထားသည်။ ***(အင်တာနက်)***

စာအုပ်ပွဲတော်

ဘာရာဇီးနိုင်ငံ ဆော်ပေါလိုမြို့တွင် ကျင်းပသည့် စာအုပ်ပွဲတော်၌ ခင်းကျင်းပြသထားသည့် ပြခန်းတစ်နေရာကို နိုဝင်ဘာ ၁၁ ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

အိန္ဒိယနိုင်ငံ တမီလ်နာဒူပြည်နယ်၌ မိုးသည်းထန်စွာရွာသွန်းပြီး မြေပြိုမှုဖြစ်ပွားခဲ့သည်ကို နိုဝင်ဘာ ၁၁ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

အသေခံဗုံးခွဲမည့်သူများအား အာဖဂန်ရဲတပ်ဖွဲ့ ပစ်သတ်

ကဘူးလ် နိုဝင်ဘာ ၁၂

အာဖဂန်နစ္စတန်ရဲတပ်ဖွဲ့က အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း ဂါဇနီပြည်နယ်တွင် နိုဝင်ဘာ ၆ ရက်က အသေခံဗုံးခွဲ တိုက်ခိုက်ရေးသမားဟု ယူဆရသူနှစ်ဦးအား ပစ်သတ်လိုက်ကြောင်း အာဖဂန်နစ္စတန်ပြည်ထဲရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

အသေခံဗုံးခွဲတိုက်ခိုက်ရေးသမားနှစ်ဦးသည် ဖောက်ခွဲရေးပစ္စည်းများ တင်ဆောင်လာသည့် ကားတစ်စီးကို အင်ဒါခရိုင်မှ ပြည်နယ်မြို့တော် ဂါဇနီသို့ မောင်းနှင်လာစဉ် ရဲတပ်ဖွဲ့ဝင်များက ပစ်ခတ် တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း အဆိုပါသတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ထည့်သွင်းဖော်ပြ

ယင်းဖောက်ခွဲရေးသမားများဟု ယူဆရသူများ စီးနင်းလိုက်ပါလာသောကားကို စစ်ဆေးရန် ရပ်တန့်ခိုင်းရာ မရပ်တန့်ဘဲ မောင်းထွက်သွားသဖြင့် ရဲတပ်ဖွဲ့က ထိုကဲ့သို့ ပစ်သတ်လိုက်ခြင်းဖြစ်ကြောင်း ကြေညာချက်တွင် ထည့်သွင်းဖော်ပြထားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ရှေးဟောင်းပစ္စည်း

တရုတ်နိုင်ငံ ပေကျင်းမြို့၌ ကျင်းပသည့် ရှေးဟောင်းပစ္စည်းလေလံပြပွဲ အကြို အခမ်းအနားတွင် ကွင်မင်းဆက်များ အသုံးပြုခဲ့သည့် ပန်းကန်ပြားကို နိုဝင်ဘာ ၁၁ ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ဖမ်းထားသည့် အမေရိကန်နိုင်ငံသားသုံးဦး သူလျှိုမှုဖြင့် အီရန်ကစွဲချက်တင်ထား

တီဟီရန် နိုဝင်ဘာ ၁၂

အီရန်နိုင်ငံက ထိန်းသိမ်းထားသည့် အမေရိကန်နိုင်ငံသားသုံးဦးအား သူလျှိုမှုဖြင့် စွဲချက်တင်ထားကြောင်း အီရန်အစိုးရရှေ့နေ၏ ပြောကြားချက်ကို အိုင်အာရ်အင်န်အေသတင်းဌာနက နိုဝင်ဘာ ၉ရက်တွင် ကိုးကားဖော်ပြသည်။

ပြောကြား

သို့သော် ယင်းစွဲချက်မှန်ကန်ကြောင်း ပြသသည့် သက်သေခံအထောက်အထားမရှိဟု အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်က ပြောကြားသည်။

အဆိုပါ အမေရိကန်နိုင်ငံသားသုံးဦးမှာ ဇူလိုင်လကုန်က အီရတ်မြောက်ပိုင်းမှ နယ်စပ်ကျော်ဖြတ်ကာ အီရန်နိုင်ငံအတွင်းသို့ ရောက်သွားခြင်း ဖြစ်သည်ဟုဆိုသည်။

၎င်းတို့၏ မိသားစုများကမူ တောင်တက်ရင်းမတော်တဆ ရောက်ရှိသွားခြင်းဖြစ်သည်ဟု ပြောကြားကြသည်။

အီရန်သမ္မတအာမတ်ဒီနီဂျက်က ဤအမှုသည် အီရန်တရားရေးဌာနက ဆုံးဖြတ်မည့်အမှုဖြစ်ကြောင်း၊ အမေရိကန်အကျဉ်းထောင်များ၌ တစ်စုံတစ်ရာပြစ်မှုကျူးလွန်ခြင်းမရှိဘဲ နှစ်နှင့်ချီ၍ အချိန်ဖြုန်းနေမှုများရှိကြောင်း ထည့်သွင်းပြောကြားသည်။ **(အင်တာနက်)**

လက်နက်များ သယ်လာသည့်ကုန်သင်္ဘော ဆိုမာလီပင်လယ်ဓားပြများ ပြန်ပေးဆွဲ

အာဘူဂျာဘီ နိုဝင်ဘာ ၁၂

လက်နက်များတင်ဆောင်လာသော အာရပ်စော်ဘွားများနိုင်ငံ အလံတင်ကုန်သင်္ဘောတစ်စင်းကို ဆိုမာလီပင်လယ်ဓားပြများက ပြန်ပေးဆွဲလိုက်ကြောင်း ဒေသဆိုင်ရာ ပင်လယ်ရေကြောင်း အရာရှိများက ပြောကြားသည်။

ဦးတည်ခုတ်မောင်း

အဆိုပါသင်္ဘောသည် ၁၆နှစ်ကြာ ကုလသမဂ္ဂလက်နက်ပိတ်ပင်ရေး သဘောတူညီချက်ကို ချိုးဖောက်ပြီး မင်းမဲ့စရိုက်ဆန်သော အာဖရိကဦးချိုနိုင်ငံဖြစ်သည့် ဆိုမာလီနိုင်ငံဆီသို့ ဦးတည်ခုတ်မောင်းနေခြင်းဖြစ်ကြောင်း အရှေ့အာဖရိက သင်္ဘောသားများ အထောက်အကူပေးရေးအစီအစဉ် အကြီးအကဲ အင်ဒရူးမွန်ဂူရာက ပြောကြားသည်ဟု သတင်းထောက်တစ်ဦးက နိုဝင်ဘာ ၉ ရက်တွင် မီခြမ်းပြောကြားသည်။

ပုံမှန်သယ်ဆောင်နေကျ

အဆိုပါကုန်သင်္ဘောသည် ဆိုမာလီယာနိုင်ငံသို့ လက်နက်များ ပုံမှန်သယ်ဆောင်နေကျဖြစ်ကြောင်း၊ ကုလသမဂ္ဂ၏ လက်နက်ပိတ်ပင်မှုကို ဆန့်ကျင်ခြင်းဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ **(အင်တာနက်)**

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

တရုတ်သမ္မတနှင့် စင်ကာပူဝန်ကြီးချုပ်တို့တွေ့ဆုံ

တရုတ်သမ္မတ ဟူကျင်ထောင်းနှင့် စင်ကာပူဝန်ကြီးချုပ် လီရှန်လွန်းတို့သည် စင်ကာပူနိုင်ငံ၌ နိုဝင်ဘာ ၁၂ရက်က တွေ့ဆုံကာ နှစ်နိုင်ငံအကျိုးတူပူးပေါင်း ဆောင်ရွက်ရေးကိစ္စများကို ဆွေးနွေးကြသည်။

သဘာဝဘေးအန္တရာယ်လျော့ကျရေး ညီလာခံ နီပေါနိုင်ငံ ခတ္တမန္ဒူမြို့၌ကျင်းပ

သဘာဝဘေးအန္တရာယ်များ လျော့ကျရေးဆိုင်ရာ နိုင်ငံတကာညီလာခံတစ်ရပ်ကို နီပေါနိုင်ငံခတ္တမန္ဒူမြို့၌ နိုဝင်ဘာ ၁၂ရက်မှ ၁၃ရက်အထိ နှစ်ရက်ကြာကျင်းပလျက်ရှိကြောင်း နီပေါနိုင်ငံခြားရေးဝန်ကြီးဌာနမှ သတင်းထုတ်ပြန်သည်။

ကမ္ဘာ့ဈေးကွက်၌ ရေနံဈေးနှုန်းကျဆင်း

ကမ္ဘာ့ဈေးကွက်၌ ရေနံဈေးနှုန်းများကျဆင်းလျက်ရှိရာ အမေရိကန်ဈေးကွက်တွင် နိုဝင်ဘာ ၁၂ ရက်ဈေးပိတ်ချိန်၌ ရေနံတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၇၇ ဒသမ ၉၅ ဒေါ်လာအထိ ကျဆင်းခဲ့ကြောင်း အမေရိကန်အရာရှိများက ပြောကြားသည်။

တရုတ်မြောက်ပိုင်းတွင် စာသင်ကျောင်းပြိုကျ

တရုတ်နိုင်ငံမြောက်ပိုင်း ဟေဘေးပြည်နယ် မင်ဂန်မြို့တွင် နိုဝင်ဘာ ၁၂ရက်က ဆီးနှင်းများထူထပ်သိပ်သည်းစွာ ကျဆင်းမှုကြောင့် မူလတန်းကျောင်းတစ်ကျောင်းပြိုကျခဲ့ရာ ကလေးသုံးဦးသေဆုံးပြီး ၂၈ဦး ဒဏ်ရာရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။
(အေပီပုံ)

ပါကစ္စတန်၌ အီရန်သံတမန်တစ်ဦး ပစ်သတ်ခံရ

ပါကစ္စတန်နိုင်ငံ ပီရှာဝါမြို့ အနောက်မြောက်ပိုင်းတွင် နိုဝင်ဘာ ၁၂ရက်က အီရန်သံတမန်တစ်ဦးအား သေနတ်သမားများက ပစ်သတ်ခဲ့ကြောင်း၊ စုံစမ်းစစ်ဆေးမှုများပြုလုပ်နေကြောင်း ရဲတပ်ဖွဲ့က သတင်းထုတ်ပြန်သည်။

ဆီးရီးယားသမ္မတ ပြင်သစ်သို့ အလည်အပတ်ခရီးသွားရောက်မည်

ဆီးရီးယားသမ္မတဘာရှာအယ်အာဆတ်သည် ပြင်သစ်နိုင်ငံသို့ နှစ်ရက်ကြာ အလည်အပတ်ခရီးအဖြစ် သွားရောက်ရန် စီစဉ်ထားကြောင်း၊ အရှေ့အလယ်ပိုင်းဒေသ ငြိမ်းချမ်းရေးကိစ္စများကို ပြင်သစ်သမ္မတနှင့် တွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်း ဆီးရီးယားနိုင်ငံခြားရေးဝန်ကြီးဌာနက နိုဝင်ဘာ ၁၂ရက်၌ သတင်းထုတ်ပြန်သည်။

ဗီယက်နမ်မြောက်ပိုင်း၌ မိုးသည်းထန်ပြီးရေလွှမ်း

ဗီယက်နမ်နိုင်ငံ မြောက်ပိုင်း ငှသန်ခရိုင်တွင် နိုဝင်ဘာ ၁၂ ရက်က မိုးသည်းထန်စွာ ရွာသွန်းခဲ့ရာ ရေလွှမ်းမှုများဖြစ်ပေါ်ခဲ့ကြောင်း ဗီယက်နမ်အရာရှိများက ပြောကြားသည်။

ပီရူးနိုင်ငံသို့ ၄၈ နာရီအတွင်း မုန်တိုင်းတိုက်ခတ်ဖွယ်ရှိ



ပီရူးနိုင်ငံ လီမာမြို့တောင်ဘက်ဒေသသို့ဦးတည်ကာ လာမည့် ၄၈ နာရီအတွင်း မုန်တိုင်းဝင်ရောက်တိုက်ခတ်နိုင်ကြောင်း၊ ယင်းမုန်တိုင်းသည် တစ်နာရီလျှင် မိုင် ၇၀ နှုန်းတိုက်ခတ်နိုင်ကြောင်း ပီရူးနိုင်ငံ မိုးလေဝသဌာနမှ နိုဝင်ဘာ ၁၂ရက်က သတင်းထုတ်ပြန်သည်။ (အေပီပုံ) *(အင်တာနက်)*

မောင်ချစ်ကြည်စုစည်းသည်

သဝဏ်လွှာဖတ်ကြား

(၈၉)နှစ်မြောက် အမျိုးသားနေ့ အခမ်းအနားကို နိုဝင်ဘာ ၁၁ ရက်က သဃ်္ဃန်းကျွန်းမြို့နယ် အထက(၁)ခန်းမ၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံမှ ပေးပို့သော (၈၉)နှစ်မြောက် အမျိုးသားနေ့ သဝဏ်လွှာကို မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမောင်မောင်လွင် ဖတ်ကြားစဉ်။ (၁၂၁)

ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ် (၅/၇)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့ ပူးပေါင်း၍ စိန်ပန်းကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကို နိုဝင်ဘာ ၁၀ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးညီညီအောင်၊ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဖြူဖြူနှင့် အမှတ်(၅/၇)ရပ်ကွက် စာကြည့်တိုက်ကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌဦးသန်းမြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

၂၀၀၉ခုနှစ် (၈၉)နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ် ဟောပြောပွဲ အခမ်းအနားကို ကမာရွတ် အထက(၁) သိင်္ဂီမြိုင်ခန်းမ၌ကျင်းပရာ အမျိုးသားနေ့ ဒို့မမေ့ကဗျာ ပထမဆုရရှိသူ မယွန်းသစ္စာဆွေစင် [တတိယတန်း အမက(၂)] အား မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်တင် ဆုချီးမြှင့်စဉ်။ (မြို့နယ် ပြန်/ဆက်)

အမျိုးသားနေ့အခမ်းအနား ပခုက္ကူ၌ကျင်းပ

ပခုက္ကူ နိုဝင်ဘာ ၁၂

(၈၉)နှစ်မြောက် အမျိုးသားနေ့အခမ်းအနားကို နိုဝင်ဘာ ၁၁ရက် နံနက် ၈နာရီက ပခုက္ကူမြို့ အထက(၂) ပိတောက်ဆောင်၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ထံမှပေးပို့သော(၈၉)နှစ်မြောက် အမျိုးသားနေ့သဝဏ်လွှာကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်မျိုးလတ်ကဖတ်ကြားပြီး အမျိုးသားနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲနှင့် ကဗျာပြိုင်ပွဲများတွင် ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်သည်။ (၀၇၀)

အုတ်တွင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မိုးကောင်းလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို နိုဝင်ဘာ ၆ရက်က ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်ဝင်းနှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးတင်ရှိန်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးထွန်းသန်းတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

အင်းစိန်တိ/မွေးကုတက္ကသိုလ် (၁၉၇၁-၁၉၇၇) အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၁၂

အင်းစိန် တိ/မွေးကုတက္ကသိုလ်(၁၉၇၁-၁၉၇၇) စာသင်နှစ် ကျောင်းသားကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို ၂၀၁၀ခုနှစ် ဇန်နဝါရီ ၄ရက် (လွတ်လပ်ရေးနေ့) နံနက် ၉နာရီခွဲတွင် ရန်ကုန်မြို့ Traders Hotel ကုန်းဘောင်/ တကောင်းခန်းမ (Level-3)တွင် ကျင်းပမည်ဖြစ်သည်။ ကျောင်းသားဟောင်းများအားလုံး ဖိတ်စာရသည် ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန်နှင့် အလှူငွေများကို ဦးမျိုးတင့်၊ ဒေါ်နုနုဝင်း ဖုန်း-၀၉-၅၁-၁၁၈၂၉၊ ၂၂၆၉၄၂၊ ဦးမောင်မောင်ကြီး ဖုန်း-၃၇၂၇၂၆၊ နန်းခင်မေဖူး ဖုန်း-၀၉-၅၀-၀၃၁၈၃၊ ၅၇၈၂၁၉၊ ဒေါ်ခင်ကျော့ယဉ် ဖုန်း-၀၉-၅၁-၅၈၄၆၈၊ ၀၂-၆၆၀၃၇နှင့် မန်းတင်ဝင်း ဖုန်း-၀၉-၂၀-၃၆၇၅၆၊ ၀၉- ၂၀-၅၄၆၇၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (၁၃၅)

ကိုကြီးစိုး (ရုပ်ရှင်သတင်းထောက်)

သူငယ်ချင်းယောက္ခမ ဆက်လက်ပြသ
ရွှေ့ဆောင်ရုံတွင် အိန္ဒိယဇာတ်ကားသစ်ရုံဝင်လာ

ရန်ကုန် နိုဝင်ဘာ ၁၂

ဒါရိုက်တာ ကိုဇော်(အရဏ်ဦး)၏ သူငယ်ချင်းယောက္ခမ ဇာတ်ကားမှာ သမ္မတ၊ သွင်နှင့် မင်္ဂလာရုံများတွင် ဆက်လက်ပြသနေဆဲဖြစ်သည်။

ရွှေ့ဆောင်ရုံတွင် မင်းသား အက်ရှေးကူးမားနှင့် မင်းသမီး ကရီးနာကပူးရ်တို့ အဓိကပါဝင်ထားသော **Kambakkht Ishq** ဇာတ်ကားသစ် ရုံဝင်လာသည်။ ဇာတ်လမ်းမှာ မိန်းကလေးများကို သံယောဇဉ်မထားတတ်သော ရုပ်ရှင်မင်းသားတစ်ဦးနှင့် ယောကျ်ားမုန်းသော ခွဲစိတ်ဆရာဝန်မလေး တစ်ဦးတို့၏ မုန်းရာမှချစ်လာသော ဇာတ်လမ်းကို အက၊ အလှသဘာဝများဖြင့် ဝေဝေဆာဆာ ရိုက်ကူးထားသော ဇာတ်ကားဖြစ်သည်။ နေပြည်တော်ရုံတွင် မိုက်ကယ်ဂျက်ဆင်၏ **This is it** ဇာတ်ကား ဆက်လက်ပြသနေဆဲ ဖြစ်သည်။

ချစ်ကံပွင့်ပြဆဲ

ဒါရိုက်တာ ဒေါနဲ၏ **ချစ်ကံပွင့်နှင့် မချောလေးဆယ်**ဇာတ်ကားမှာ ဝဇီရာ(၁)၊ (၂)၊ မြရတနာ(သာကေတ)နှင့် ရွှေရတနာ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် တို့တွင် ဆက်လက်ပြသနေဆဲဖြစ်သည်။

အိန္ဒိယဇာတ်ကားများ

မြို့မရုံတွင် မင်းသားကြီး အမိတာဘချန်းနှင့် ရှာရွတ်ခန်၊ အက်ရှ်ဝါရာရိုင်းတို့ ပါဝင်ထားသော အကယ်ဒမီလေးဆုရ **Mohabbatein** ဇာတ်ကား ရုံဝင်လာသည်။ ချစ်သူနှင့် ဖခင်ကြား သောကပွားရင်း ကွယ်လွန်သွားရှာသော ဝိညာဉ်ချစ်သူအကြောင်း ဇာတ်လမ်းဆင်ထားသော ဇာတ်ကားဖြစ်သည်။ ဘုရင့်ရုံတွင် မင်းသား ဆန်နီဒိုးလ်နှင့် မင်းသမီးပရီးတီးဇင်တာတို့ ပါဝင်ထားသော Farz ဇာတ်ကားကို ကြည့်ကြရမည်ဖြစ်သည်။

ပြားကိုးဆယ်ဖိုးတုတ်

ဒါရိုက်တာ တင်အောင်ကျော် ရိုက်ကူးပြီး ဒေါ်မြင့်မြင့်ခင်၊ ဖိုးသောကြာ၊ အားသစ်၊ နဒီဝင့်နိုင်တို့ ပါဝင်ထားသော **ပြားကိုးဆယ်ဖိုးတုတ်** အဆင့်မြင့်မြန်မာ ဗီဒီယို ဇာတ်ကားမှာ ရွှေမန်း၊ စံပြ၊ သီတာရုံများတွင် ရုံဝင်လာသည်။ ကျပ်မပြည့်သူ လူငယ်တစ်ဦးအကြောင်း ဇာတ်လမ်းဆင်ရိုက်ကူးထားသော ဒရာမာ ဇာတ်ကားဖြစ်သည်။ ။ **(မြန်မာ့အလင်း)**

ချစ်ကံပွင့်နှင့် မချောလေးဆယ် ဇာတ်ကားမှဟိန်းဝေယံနှင့်ခရစ္စတီးနား။

ကျေးလက်ပြည်သူများ ကျန်းမာရေးအသိပညာတိုးပွားရေး ဇာတ်ပွဲများခင်းကျင်း ကပြဖျော်ဖြေ

တွေ့ဆုံမေးမြန်းသူ - မောင်မောင်မြင့်ဆွေ ➤ ဓာတ်ပုံမှတ်တမ်း - တင်စိုး(မြန်မာ့အလင်း) ➤ စာမျက်နှာဖွဲ့စည်းမှု - မိုးမိုးအောင်(မြန်မာ့အလင်း)

ရန်ကုန် နိုဝင်ဘာ ၁၂

စင်မြင့်ထက်မှ ဇာတ်သမားများ၏ ပြောစကားများကို ပွဲကြည့်ပရိသတ်များက စွဲစွဲထင်ထင် မှတ်မိတတ်ကြသည်။ ပွဲကြည့်ရသူများက မကြည့်လိုက်ရသူများကို စီကာပတ်ကုံးလည်း ပြန်ပြောတတ်ကြသကဲ့သို့ ပွဲကြည့်သူအချင်းချင်း ပြန်ပြောင်းပြောဆိုနေမှုကြောင့် အချို့တိုတွင်း ပုံနှိပ်ကာ မှတ်မိလွယ်သည်။ ထို့ကြောင့် ဇာတ်သမားများပြန်လျှင် မှတ်သားစရာကျန်သည်ဟု ဆိုကြ၏။

ကျန်းမာရေးအသိပို

ဧရာဝတီတိုင်းအတွင်း ပြီးခဲ့သည့်နှစ်မေလက မုန်တိုင်းဒဏ်ခံစားခဲ့ရသည့် ကျေးရွာများသို့ ကျန်းမာရေးအသိ ပိုမိုသိရှိလိုက်နာကျင့်သုံးနိုင်ကြစေရန် ယူနီဆက်ဖ်၏ အကူအညီဖြင့် မြန်မာနိုင်ငံသဘင်အစည်းအရုံးက ဇာတ်ပွဲများ အခမဲ့ကပြမှု ပြုလုပ်လျက်ရှိရာ မြန်မာနိုင်ငံသဘင်အစည်းအရုံးသို့ မြန်မာ့အလင်းသတင်းအဖွဲ့ သွားရောက်တွေ့ဆုံမေးမြန်းစေ့ငုခဲ့သည်။

"ဧရာဝတီတိုင်း လပွတ္တာမြို့နယ်အတွင်းမှာရှိတဲ့ ရွာပေါင်း၅၀မှာ နိုဝင်ဘာ ၅ရက်ကစပြီး ဇာတ်ပွဲတွေ အခမဲ့ကပြနေပါတယ်။ အဓိကရည်ရွယ်ချက်ကတော့ ဒေသခံပြည်သူတွေ ကျန်းမာရေးနဲ့ ပတ်သက်ပြီး သန့်လေးသန့် ပညာပေးမှုအစီအစဉ်ဖြစ်ပါတယ်။ ဒီလိုဇာတ်အဖွဲ့တွေက ကျန်းမာရေးနဲ့ ပတ်သက်တဲ့ သန့်လေးသန့် ပညာပေးမှုတွေကို တစ်ခန်းရပ်ဟာသနဲ့ ပြဇာတ်တွေထည့်ပြီး ကပြတာဆိုတော့ ပိုပြီးမှတ်မိကြမှာပါ"ဟု မြန်မာနိုင်ငံ သဘင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဦးရဲဒွေးက ရှင်းပြသည်။

သန့်လေးသန့် ပညာပေး

"ဒေသခံပြည်သူတွေ ကျန်းမာရေးနဲ့ ပတ်သက်ပြီး သန့်လေးသန့် ပညာပေးမှု အစီအစဉ် ဖြစ်ပါတယ်"
ဦးရဲဒွေး
ဒုတိယဥက္ကဋ္ဌ
မြန်မာနိုင်ငံ
သဘင်အစည်းအရုံး။

"အခမဲ့ လာကပြကြတာမို့ ဝမ်းသာလို့မဆုံးပါဘူး"
ဦးသောင်းရှိန်
ဥက္ကဋ္ဌ
ရေတွင်းဆိပ်ကျေးရွာအုပ်စု။

ပွဲချီ ၁၀၀

ဧရာဝတီတိုင်း လပွတ္တာမြို့နယ်အတွင်း ကျေးရွာပေါင်း ၅၀တွင် ဇာတ်အဖွဲ့ငါးဖွဲ့က တစ်ရွာလျှင် နှစ်ရက်နှုန်းဖြင့် ပွဲချီ ၁၀၀နီးပါး ကပြကြမည်ဖြစ်သည်။ ဇာတ်အဖွဲ့များကလည်း နယ်မြို့များ၌ နာမည်ရရှိပြီး ဇာတ်အဖွဲ့များဖြစ်ရာ ပရိသတ်များ ပိုမိုနှစ်သက်ကြမည်ဖြစ်သည်။ ဇာတ်ပွဲများ ကပြမှုကိုစတင်နေပြီဖြစ်ရာ ဒေသခံကျေးရွာသားများ နှစ်သက်သဘောကျ အားပေးကြည့်ရှုလျက်ရှိနေကြပေပြီ။

တင်ဆက်ကပြ

ထို့နောက် လပွတ္တာမြို့နယ်အတွင်း ကျေးရွာများ၌ ကပြလျက်ရှိသော မြတ်နိုးမှုသဘင်၊ မိုးကြိုးသဘင်၊ ရွှေမေတ္တာသဘင်၊ ဒို့မြန်မာသဘင်၊ ရွှေဂန္ဓဝင်သဘင်များ၏ တင်ဆက်ကပြမှုကို ကြည့်ရှုအားပေးပြီးသော ကျေးရွာသားအချို့နှင့် မြန်မာ့အလင်းက ဆက်လက်တွေ့ဆုံ မေးမြန်းခဲ့သည်။

"အခုလို ယူနီဆက်ဖ်နဲ့ မြန်မာနိုင်ငံအတွင်း အစည်းအရုံး(ဗဟို)တို့ ပူးပေါင်းပြီး ကျန်းမာရေးပညာပေးကပြတာကို တစ်ရွာလုံးက ပျော်ရွှင်နေကြတယ်။ ရွာလုံးကျွတ် အားပေး ကြည့်ရှုကြတာမို့ အသိပညာလည်းရ စိတ်အပန်းဖြေမှုလည်း ဖြစ်ခဲ့ရတာပေါ့ဗျာ"ဟု လပွတ္တာမြို့နယ် လပွတ္တာလုပ်(မြောက်) ကျေးရွာဥက္ကဋ္ဌ ဦးဝင်းနွယ်က ပြောပြသည်။

ထူးခြားမှု

လပွတ္တာမြို့နယ်အတွင်း ဇာတ်အဖွဲ့ငါးဖွဲ့ ကပြကြရာတွင် ကျန်းမာရေးနှင့် ပတ်သက်သည့် သန့်လေးသန့် ပညာပေး ဇာတ်လမ်းများကို တစ်ဖွဲ့နှင့်တစ်ဖွဲ့ မထပ်စေရန်လည်း ဇာတ်ညွှန်းအဖွဲ့က စနစ်တကျ ကြိုးစား ရေးဖွဲ့ထားခြင်းဖြစ်သည်။ ထို့ကြောင့် တစ်ရွာနှင့်တစ်ရွာ ဇာတ်အဖွဲ့များကပြသည့် ဇာတ်လမ်းမတူသဖြင့် ထူးခြားမှုရှိနေသည်။

တစ်ဖန် "မြတ်နိုးမှုသဘင်" ဇာတ်အဖွဲ့၏တင်ဆက်ကပြမှုကို ကြည့်ရှုအားပေးခဲ့သည့် သမ္ဘန်ချောင်းရွာမှ ဦးဘိုကြည်ကလည်း "ဇာတ်ပွဲတွေ လာကမယ်ဆိုကတည်းက တစ်ရွာလုံး ပျော်နေကြတာပဲဗျာ၊ ကျွန်တော်တို့က ဇာတ်ပွဲမကြည့်ရတာကြာပြီဗျ၊ ရယ်စရာ၊ မှတ်သားစရာတွေနဲ့ဆိုတော့ ရွာသားတွေ အုန်းအုန်းကျွက် အားပေးခဲ့ကြတာ၊ စီစဉ်ပေးတဲ့သူတွေကို ကျေးဇူးတင်ပါ့ဗျာ"ဟု မြန်မာ့အလင်းသို့ သူ့ခံစားမှုကို ပြောပြသည်။

"ဇာတ်ပွဲတွေ လာကမယ်ဆိုကတည်းက တစ်ရွာလုံး ပျော်နေကြတာ"
ဦးဘိုကြည်
သမ္ဘန်ချောင်းကျေးရွာ။

မြတ်နိုးမှုသဘင်ဇာတ်အဖွဲ့သည် နိုဝင်ဘာ ၅ရက်မှစတင်ကာ သက္ကယ်ချောင်း၊ သမ္ဘန်ချောင်း၊ ပေါ်တော်မူ၊ ပိုးလောင်း၊ ချမ်းသာကုန်း၊ ကိုင်းသောင်၊ အောင်လှိုင်၊ ကွင်းပေါက်၊ ရေချိုကန်နှင့် နောက်ဖေးကုန်းရွာများသို့လှည့်ကာ နိုဝင်ဘာ ၂၈ရက်အထိ ကပြ ဖျော်ဖြေလျက်ရှိသည်။

ဝမ်းသာအားရ

ထို့အပြင် "ဒို့မြန်မာသဘင်"ဇာတ်အဖွဲ့ကပြမှုကို ကြည့်ရှုအားပေးခဲ့သည့် ရေတွင်းဆိပ်ရွာမှ ဦးသောင်းရှိန်ကလည်း "ကျွန်တော်တို့ ရွာတွေက ဇာတ်ပွဲငှားကြည့်ဖို့ မလွယ်ဘူး၊ အခုလို ယူနီဆက်ဖ်နဲ့ မြန်မာနိုင်ငံ သဘင်အစည်းအရုံးကစီစဉ်ပြီး ပညာပေးအခမဲ့ လာကပြကြတာမို့ ဝမ်းသာလို့ မဆုံးပါဘူး၊ ကလေးတွေလည်းပျော်၊ လူငယ်၊ လူကြီးတွေလည်း ပျော်ကြတာပေါ့၊ အသိပညာရ ဇာတ်ပွဲလည်းကြည့်ရတာမို့ သိပ်ကောင်းတဲ့ စီစဉ်မှုပါပဲဗျာ"ဟု မြန်မာ့အလင်းသို့ ဝမ်းသာအားရပြောပြသည်။

"ဒို့မြန်မာသဘင်"ဇာတ်အဖွဲ့သည် နိုဝင်ဘာ ၅ရက်မှစတင်ကာ ရေတွင်းဆိပ်၊ အရာတော်၊ သစ်ပုတ်၊ အိုင်မ၊ ကဖောင်းချောင်း၊ လျှော်နီ၊ လိမ္မော်ကုန်း၊ မရမ်း၊ မာလာကုန်းနှင့် လိပ်အိုင်ရွာသို့လှည့်လည်ကာ နိုဝင်ဘာ ၂၄ရက်အထိ ကပြဖျော်ဖြေလျက်ရှိသည်။

တစ်ရွာလုံးသဘောကျ

တစ်ဖန် "ရွှေဂန္ဓဝင်သဘင်" ဇာတ်အဖွဲ့၏ ကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးခဲ့သည့် ဘိုင်းထောင့်ချောင်းကျေးရွာမှ ဦးသိန်းလွင်ကလည်း "အခုလို ဇာတ်အဖွဲ့တွေ ရွာအထိလာပြီး ကပြကြတော့ ဝမ်းနည်းပူဆွေးမှုတွေ ပြေပျောက်သွားသလို ခံစားရတယ်။ ကျန်းမာရေး အသိတွေလည်း ကလေးတွေကအစ သိခဲ့သလို ပျော်ရွှင်ခဲ့ကြလို့ စိတ်ထဲမှာ ကျေနပ်မဆုံးဖြစ်ခဲ့ရပါတယ်။ အခုလိုစီစဉ်ပေးတာကို တစ်ရွာလုံးသဘောကျနေကြပါတယ်"ဟု အားပါးတရ ပြောပြသည်။

ကပြဖျော်ဖြေ

"ရွှေဂန္ဓဝင်သဘင်"သည် နိုဝင်ဘာ ၅ရက်မှ စတင်ကာ လပွတ္တာလုပ်(မြောက်)၊ ဂဏန်းကြီး၊ ဘိုကုန်း၊ ဘိုင်းထောင့်ချောင်း၊ သိုင်းကုန်း၊ ခနီချောင်း၊ ဘုရားလေးဝိုင်း၊ ထုံးဘူးကြ၊ အဝစု၊ လျှော်ချောင်းနှင့် စက်ချောင်းရွာများသို့ လှည့်လှည်ကာ နိုဝင်ဘာ ၂၄ရက်အထိ ကပြဖျော်ဖြေလျက်ရှိသည်။

"အသိပညာလည်းရ စိတ်အပန်းဖြေမှုလည်း ဖြစ်ခဲ့ရတာပေါ့ဗျာ"
ဦးဝင်းနွယ်၊ ဥက္ကဋ္ဌ
လပွတ္တာလုပ်(မြောက်)ကျေးရွာ။

ထို့အတူ "ရွှေမေတ္တာသဘင်"ဇာတ်အဖွဲ့သည် လပွတ္တာလုပ်(တောင်)၊ ဘုရားကြီးကုန်း၊ စခန်းကုန်း၊ ကညင်ကွင်း၊ ကုက္ကို၊ ကြာကန်စု၊ ဘီတွတ်၊ လေးအိမ်တန်း၊ လတာချောင်းနှင့် ကျွန်းချောင်းရွာတို့တွင် နိုဝင်ဘာ ၅ရက်မှ ၂၅ရက်အထိ လှည့်လည်ကပြ ဖျော်ဖြေလျက်ရှိကြသည်။

တစ်ဖန် "မိုးကြိုးသဘင်"ဇာတ်အဖွဲ့ကလည်း နိုဝင်ဘာ ၅ရက်မှစတင်ကာ ဦးတို၊ ဘောပေါက်၊ ညီနောင်၊ ကတ္တီပါ၊ သဲဖြူကျွန်း၊ သပြေကျွန်း၊ ချမ်းသာအေး၊ ကွင်းသုံးဆင့်၊ ဖောင်းမာနှင့် ရေချိုကုန်းရွာတို့တွင် နိုဝင်ဘာ ၂၄ရက်အထိ တစ်ရွာလျှင် နှစ်ရက် ကပြဖျော်ဖြေလျက် ရှိနေကြပေပြီ။

ဇာတ်သမားလာလျှင် မှတ်သားစရာပါပြီး ဇာတ်သမားပြန်လျှင် မှတ်သားစရာကျန်သည် ဆိုသည့်စကားအတိုင်း ဇာတ်အဖွဲ့များ ကပြဖျော်ဖြေမှုကြောင့် ဧရာဝတီတိုင်း လပွတ္တာမြို့နယ်ကျေးရွာများမှ ဒေသခံများ ကျန်းမာရေးအသိပညာရရှိမှုနှင့်အတူ ပျော်ရွှင်ကြည်နူးမှုများ ရရှိလျက်ရှိနေကြပါကြောင်း။ ။

(မြန်မာ့အလင်း)

ဇာတ်သမားလာလျှင် မှတ်သားစရာပါပြီး ဇာတ်သမားပြန်လျှင် မှတ်သားစရာကျန်သည် ဆိုသည့်စကားအတိုင်း ဇာတ်အဖွဲ့များ ကပြ ဖျော်ဖြေမှုကြောင့် ဧရာဝတီတိုင်း လပွတ္တာမြို့နယ် ကျေးရွာများမှ ဒေသခံများ ကျန်းမာရေး အသိပညာရရှိမှုနှင့် အတူ ပျော်ရွှင်ကြည်နူးမှုများရရှိ။

မကွေးမြို့ သင်ကြားရေးဆေးရုံကြီး၌ ဘယ်ဘက်လက်ကောက်ဝတ်နေရာမှ ပြတ်သွားခြင်းကို အောင်မြင်စွာ ခွဲစိတ်ကုသပေးနိုင်ခဲ့

နေပြည်တော် နိုဝင်ဘာ ၁၂

မကွေးမြို့နယ် ကံသာလေးရွာမှ အသက် ၂၁နှစ်အရွယ်ရှိ မောင်မင်းသူသည် အောက်တိုဘာ ၁၆ရက် မွန်းလွဲ ၁ နာရီခန့်က ထင်းခုတ်စဉ် သူ၏လက်ဝဲဘယ်ဘက်ကို ထင်းခုတ်ဓားဖြင့် ခုတ်မိသွား၍ လက်ကောက်ဝတ်မှ ပြတ်သွားသဖြင့် မကွေးမြို့ သင်ကြားရေးဆေးရုံကြီး အရိုးနှင့် ထိခိုက်ဒဏ်ရာ ကုသဆောင်သို့ မွန်းလွဲ ၂ နာရီတွင် ရောက်ရှိလာခဲ့ကြောင်း။

ဖြတ်တောက်ကုသ

ဆေးရုံကြီးသို့ လူနာရောက်ရှိလာစဉ် လူနာသည် သွေးပေါင်ချိန်ကျ၍ ရင်တုန်မောနေပြီး ဝဲဘက်လက် လက်ကောက်ဝတ်မှ တညီတညာတည်း အရိုးပြတ်နေကာ လက်သန်းဘက်၌ အရေပြားလက်မအရွယ်ဖြင့် ဆက်နေခဲ့ကြောင်း၊ ပြတ်သော လက်ခလယ် ချောင်းများ၊ လက်ဖမိုးနှင့် လက်ဖဝါးများမှာလည်း အေးစက်၍ ပြာနှမ်းနေကာ လူနာနှင့် လူနာ၏မိသားစု အသိုင်းအဝိုင်းက လက်ကိုသေချာပေါက် ပြတ်သွားပြီ ပြန်ဆက်၍ မရနိုင်ဟု ယူဆထားခဲ့သဖြင့် မိခင်ကိုယ်တိုင်ကလည်း ဖြတ်တောက်ကုသရန် တင်ပြခဲ့ကြောင်း သိရှိရသည်။

ရှာဖွေပြင်ဆင်

အရိုးအထူးကုဆရာဝန် ဒေါက်တာစိုးဝင်းသည် လူနာနှင့် လူနာမိသားစုများအား လက်ကို ပြန်ဆက်လျှင် ရနိုင်သေးကြောင်း၊ ကြိုးစား၍ ခွဲစိတ်ကုသပေးမည်ဖြစ်ကြောင်း၊ လက်ဖြတ်ခြင်း၊ ပြန်ဆက်ခြင်း၏ ကောင်းကျိုး၊ ဆိုးကျိုးများကိုရှင်းပြ၍ လက်ပြန်ဆက်ရန် လူနာနှင့် လူနာရှင်တို့၏ သဘောတူခွင့်ပြုချက်ရယူခဲ့ပြီး ခွဲစိတ်ခန်းသို့ အကြောင်းကြားခဲ့ကြောင်း၊ လူနာအား အနာပြည်မတည်စေရန် ပဋိဇီဝဆေးများ တိုက်ကျွေးထားပြီး မေးခိုင်ကာကွယ်ဆေး ထိုးပေးထားခဲ့ကြောင်း၊ မေ့ဆေးဆရာဝန် ဒေါက်တာဒေါ်ရီရီတိုးနှင့်ညှိနှိုင်း၍ ခွဲစိတ်ပစ္စည်းများ၊ အနုစိတ်ခွဲစိတ်ပစ္စည်းများ၊ သွေးကြောများဆက်ရန် အနုစိတ်ကိရိယာများ၊ သေးမျှင်သော ချုပ်ကြိုးများ ရှာဖွေပြင်ဆင်ခဲ့ကြကြောင်း သိရသည်။

လုံးဝပြတ်သွား

ထို့နောက် အရိုးခွဲစိတ်အထူးကုဆရာဝန် ဒေါက်တာသန်းဌေး၊ ဒေါက်တာစိုးဝင်းတို့ ဦးဆောင်၍ အကူအဖြစ် လက်ထောက်ဆရာဝန်များဖြစ်သော ဒေါက်တာသီဟစိုး၊ ဒေါက်တာနေအောင်ဇင် (အလုပ်သင်ဆရာဝန်)၊ မေ့ဆေးဆရာဝန် ဒေါက်တာရီရီတိုးတို့ ပါဝင်သည့် ခွဲစိတ်ကုသမှုအဖွဲ့သည် လူနာ၏ ပြတ်သောလက်ကို ပိုးသန့်စင်ဆေးကြောပြီး သန့်စင်သော ပတ်တီးဖြင့်အုပ်၍ သန့်စင်သော ပလတ်စတစ်အိတ်တွင်ထည့်ကာ ပလတ်စတစ်အိတ်အပြင်မှ ရေခဲတုံးများထည့်ထားသော ပလတ်စတစ်အိတ်ဖြင့် လက်ပြတ်ကို ဖုံးအုပ်ရစ်ပတ်ခဲ့ကြောင်း၊ ထုံဆေး၊ မေ့ဆေးအသုံးပြုရာတွင် လည်ပင်း၏ လက်ဝဲဘက်ခြမ်း အောက်ခြေမှ ညှပ်ရိုး၏အရင်းနားတွင် ထုံဆေးထိုးခြင်းဖြင့် လက်ဝဲဘက် လက်တစ်ခုလုံးကို ထုံနေအောင်ပြုလုပ်ထားပြီး ခွဲစိတ်နေစဉ် သွေးထွက်လွန်ခြင်း၊ ခွဲစိတ်ရန် မြင်ကွင်းကြည်လင်ရှင်းလင်းအောင် သွေးကြောဖိ ကိရိယာအသုံးပြုထားကြောင်း၊ လက်တစ်ခုလုံး အတွင်း သွေးလွှတ်ကြော၊ အပြင်သွေးလွှတ်ကြောများ၊ အာရုံကြောများ ပြတ်သွားသည့်အတွက် လက်တစ်ခုလုံး စတင်လှုပ်ရှားမှုမရှိနိုင်ကြောင်း၊ အရွတ်ကြောများ အားလုံးပြတ်ပြီး လက်ကောက်ဝတ်တွင်းရှိ အရိုးသေးများကြားမှ လုံးဝပြတ်သွားခဲ့ကြောင်း။

ခွဲစိတ်ကုသပေးခဲ့

ဘယ်ဘက်လက်ကောက်ဝတ်နေရာမှ ပြတ်သွားသည့်လူနာအား ခွဲစိတ်ကုသမှုကို လေးနာရီခွဲကြာ ခွဲစိတ်ကုသပေးခဲ့ရပြီး ပထမနေ့တွင် လူနာမှာ အဖျားမရှိ၊ သွေးပေါင်ချိန်၊ သွေးခုန်နှုန်းပုံမှန်ဖြစ်ကြောင်း၊ အေးစက်ပြာနှမ်းခြင်းမရှိ၊ လက်၏အရောင်မှာ သွေးလည်ပတ်မှုရှိလာ၍ ပန်းရောင်သမ်းလာကြောင်း၊ ဖရက်မြောက်သော အောက်တိုဘာ ၂၃ရက် နံနက်ပိုင်းတွင် လက်ချောင်းများကိုကွေးစေသော အရွတ်အကြောများကိုဆက်သည့် ခွဲစိတ်ကုသမှုကို ဆက်လက်ဆောင်ရွက်ပေးကာ အနာကိုသန့်စင်အောင် ထပ်မံပြုလုပ်၍ ဆေးထည့်ပေးခဲ့ကြောင်း၊ လက်ချောင်းများကို ဆန့်သောအရွတ်အကြောများကို နောက်တစ်ပတ်အကြာတွင်ဆက်ရန် စီမံထားခဲ့ပြီး ယခုအချိန်တွင် လက်ချောင်းများ ကွေးနိုင်လာသော အခြေအနေသို့ ရောက်ရှိနေပြီဖြစ်ကြောင်း သိရှိရသည်။

ဝိုင်းဝန်းကူညီ

ဘယ်ဘက် လက်ကောက်ဝတ်နေရာမှ ပြတ်သွားခြင်းကို အောင်မြင်စွာ ခွဲစိတ်ကုသပေးနိုင်ရန် မကွေးမြို့ သင်ကြားရေးဆေးရုံကြီးမှ ဆေးရုံအုပ်ကြီးဒေါက်တာ သန်းဦးနှင့် ဆေးရုံမှ အရိုးအထူးကုဆရာဝန်များ၊ လက်ထောက်ဆရာဝန်များ၊ သူနာပြုများနှင့် ဝန်ထမ်းများက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဗျူးနိုနှင့်အဖွဲ့ အောက်တိုဘာ ၂၅ရက်က ပေါင်မြို့နယ်တွင် အဖွဲ့ပိုင်ယာဉ်/ စက်ယန္တရားများ ပြုပြင်ဆောင်ရွက်ထားရှိမှုအခြေအနေကို စစ်ဆေးရာ အမှုဆောင် အရာရှိ ဦးကျော်လှနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမိုးရန်နိုင်တို့က ရှင်းလင်းတင်ပြကြစဉ်။
(၁၇၆)

13-11 (06).pmd 1 11/13/2009, 12:02 PM

ရွှံ့ကဏန်း ထိန်းသိမ်းရေးနှင့် ကဏန်းမဖမ်းရနယ်မြေသတ်မှတ်ရေး ချောင်းဆုံ၌ ဆွေးနွေး

ချောင်းဆုံ နိုဝင်ဘာ ၁၂

မော်လမြိုင်ခရိုင် ချောင်းဆုံမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ ရွှံ့ကဏန်းထိန်းသိမ်းရေးနှင့် ကဏန်းမဖမ်းရနယ်မြေ သတ်မှတ်နိုင်ရေး ဆွေးနွေးပွဲကို ကွမ်ရိုက်ကျေးရွာအုပ်စုကွင်းတွင် အောက်တိုဘာ ၁၇ရက်က ကျင်းပသည်။

ရှင်းလင်းဆွေးနွေး

ရှေးဦးစွာ မော်လမြိုင်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးသက်ဦး**(အောက်ပုံ)** ငါးသယံဇာတထိန်းသိမ်းရေးအဖွဲ့ဝင်များနှင့် မြို့နယ်ဦးစီးမှူး ဦးသန်းလင်းတို့က ကွမ်ရိုက်၊ ကလော၊ အပြိုင်၊ ကွင်းပေါက်၊ တော်ပွန်ကျေးရွာကွင်းတို့ကို လှည့်လည်စစ်ဆေး၍ အဂလဲချောင်းနားတွင် ကဏန်းနှိုက်ရေလုပ်သားများနှင့် တွေ့ဆုံ၍ ရွှံ့ကဏန်းသယံဇာတ ထိန်းသိမ်းရေး အသိပညာပေး ရှင်းလင်းဆွေးနွေးသည်။

ဆွေးနွေး

ဆွေးနွေးပွဲအပြီးတွင် ခရိုင်ဦးစီးမှူး ဦးသက်ဦးက မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှ ရွေးချယ်ထားသော ကဏန်းမဖမ်းရနယ်မြေ သတ်မှတ်ရေး စီစဉ်ထားသော အဂလဲချောင်းနေရာသို့ လှည့်လည်ကြည့်ရှုပြီး မြို့နယ်ဦးစီးမှူး ဦးသန်းလင်း၏ တင်ပြချက်များအပေါ် ဖြည့်စွက်ဆွေးနွေးခဲ့သည်။ **(မြို့နယ် ပြန်/ဆက်)**

စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်း

မွန်ပြည်နယ် ပေါင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဌာနမှူးကြီးမှူးဖွင့်လှစ်သော စာကြည့်တိုက် ပညာ ဆင့်ပွားသင်တန်း(၄/၂၀၀၉)ဖွင့်ပွဲကို အောက်တိုဘာ ၁၉ရက်က မုတ္တမကျေးရွာ(အလင်းပြ) စာကြည့်တိုက်၌ ကျင်းပရာ မွန်ပြည်နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဝင်းအောင်က သင်တန်းဖွင့် အမှာစကား ပြောကြားစဉ်။

(မြို့နယ် ပြန်/ဆက်)

မြို့နယ်သတင်းများ

ကနောင်အသင်း(ရန်ကုန်) သက်ကြီးပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၁၂

ကနောင်အသင်း(ရန်ကုန်)၏ (၇၅)နှစ်နှင့်အထက် အသင်းဝင်များအား သက်ကြီးပူဇော်ပွဲနှင့် အသင်းဝင်များ၏ ၂၀၀၈-၂၀၀၉ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင် ဂုဏ်ထူးရ သားသမီးများအား ပညာရည်ချွန်ဆုပေးပွဲကို လာမည့် ဒီဇင်ဘာ ၁၂ရက်တွင် ယခင်နှစ်နေရာ၌ ကျင်းပရန် စီစဉ်ထားသည်။

ဆက်သွယ်လှူဒါန်းနိုင်

ပါဝင်လှူဒါန်းလိုသူများသည် ဦးတင်ဝင်း ဥက္ကဋ္ဌ ဖုန်း-၂၉၂၂၁၃၊ ဦးအောင်ထွန်းကြည် ဒုတိယဥက္ကဋ္ဌ ၀၉-၅၁-၂၁၀၂၈၊ ဦးချစ်ထွေး အတွင်းရေးမှူး ဖုန်း- ၀၉-၅၁-၈၇၇၈၀၊ ဒေါ်စိန်သန်း တွဲဖက်အတွင်းရေးမှူး တစ်ဆင့် ဖုန်း-၅၈၀၇၈၈၊ ဦးစိုးအောင် တွဲဖက်အတွင်းရေးမှူး ဖုန်း-၇၀၈၃၆၀၊ ဦးလေးအောင် တွဲဖက်အတွင်းရေးမှူး ဖုန်း-၀၉-၅၀-၄၇၂၅၆၊ ဦးနေဝင်းအောင် တွဲဖက်အတွင်းရေးမှူး ဖုန်း-၀၉-၅၀-၆၂၉၉၀ နှင့် ဦးခင်မောင်မြင့် တွဲဖက်အတွင်းရေးမှူး ဖုန်း-၀၉-၅၁-၉၁၉၄၈တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(၁၃၅)

မိုးကောင်းမြို့ မြို့မဈေးအတွင်း မီးငြိမ်းသတ်ပုံ လက်တွေ့ သရုပ်ပြလေ့ကျင့်

မိုးကောင်း နိုဝင်ဘာ ၁၂

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် အဖွဲ့ပိုင် မြို့ပြနှင့် ကျေးလက်ဈေးများ ရာသီမရွေး မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၁၅ရက်က အဖွဲ့ဝန်ထမ်းများ၊ မြို့နယ်အရန်မီးသတ် တပ်ဖွဲ့ဝင်များနှင့် ဈေးသူဈေးသားများ ပူးပေါင်း၍ မိုးကောင်းမြို့ မြို့မဈေးအတွင်း မီးငြိမ်းသတ်ပုံများ လက်တွေ့သရုပ်ပြလေ့ကျင့်မှုကို အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းနိုင် ကြီးကြပ်ဆောင်ရွက်ပေးသည်။ **(၀၀၁)**

ပညာရေးတက္ကသိုလ် (၁၉၇၄-၇၉ခုနှစ်) ပုလဲရတု မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၁၂

ပညာရေးတက္ကသိုလ်၌ ၁၉၇၄ခုနှစ်မှ ၁၉၇၉ခုနှစ်အထိ ပညာသင်ကြားခဲ့သော ကျောင်းသား ကျောင်းသူဟောင်းများ စုပေါင်း၍ နှစ်(၃၀)မြောက် ပုလဲရတု မြတ်ဆရာပူဇော်ပွဲကို လာမည့် ဒီဇင်ဘာ ၂၇ရက်တွင် မဟာသန္တိသုခကျောင်းတော်ကြီး၌ ကျင်းပမည်ဖြစ်ရာ အဆိုပါ နှစ်များအတွင်း ပညာသင်ကြားပေးခဲ့သော ဆရာကြီး ဆရာမကြီးများအား ပူဇော်ကန်တော့ကြမည်ဖြစ်သည်။ ဆရာကြီး ဆရာမကြီးများ၊ ကျောင်းသားကျောင်းသူဟောင်းများသည် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ပူဇော်ပွဲအခမ်းအနားသို့ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် အလှူငွေနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းလိုပါက ဦးအောင်ကို ဖုန်း-၀၁-၂၂၁၉၁၃၊ ဦးစိုးမြင့် ဖုန်း-၀၁-၆၃၅၈၆၁၊ ဦးနေဝင်းသော်-ဒေါ်ခင်ချိုချို ဖုန်း-၀၉-၅၁-၅၉၄၁၅၊ ဦးဖေဝင်းသန့် ဖုန်း-၀၂-၆၄၆၁၅၊ ဦးစိုးမြင့်အောင် ဖုန်း-၀၂-၇၀၁၉၅၊ ဦးရဲမြင့် ဖုန်း-၀၆၀-၂၁၄၀၃၊ ဒေါ်အယ်လ်ခွန်းရီ ဖုန်း-၀၁-၅၄၉၀၉၇၊ ဒေါ်နန္ဒာမွန်း ဖုန်း-၀၁-၅၁၅၀၅၆၊ ဒေါ်တင်တင်ရှု ဖုန်း-၀၁-၅၅၇၃၀၉၊ ဒေါ်ခင်ကြွယ် ဖုန်း-၀၁-၅၄၃၄၃၆၊ ဒေါ်နှင်းနှင်းမော် ဖုန်း-၀၂-၆၆၆၈၆နှင့် ဒေါ်မြမြလေး ဖုန်း-၀၅၇-၂၇၀၇၀တို့သို့ ဆက်သွယ်ပေးပို့ လှူဒါန်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ကြီးကြပ် ဆောင်ရွက်

မြင်းခြံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ဈေးများ၏ အတွင်းအပြင် ရေမြောင်းများ ရေစီးရေလာကောင်းမွန်စေရေးနှင့် ဈေးများ သန့်ရှင်းသာယာစေရေးအတွက် ဈေးသူဈေးသားများနှင့် အဖွဲ့ဝန်ထမ်းများပူးပေါင်း၍ ရေမြောင်းဆယ်ခြင်း လုပ်ငန်းဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးအေးမြင့် ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

အောက်တိုဘာ ၂၉ရက်က စည်ပင်သာယာရေးဦးစီးဌာန (ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအုန်းညွန့် မုံရွာမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်ထားရှိသော တိုးချဲ့ မြစ်ရေတင်ရေပေးရေးလုပ်ငန်း၌ ကလိုရင်းခတ်၍ မြို့ရေပေးဝေမှုကို စစ်ဆေးရာ အမှုဆောင်အရာရှိ ဦးစိုးညွန့်နှင့် အင်ဂျင်နီယာမှူး ဦးသင်းမင်းလတ်တို့က ရှင်းလင်းတင်ပြကြစဉ်။ (မြို့နယ်စည်ပင်)

TV Guide ထုတ်ဝေဖြန့်ချိ

ရန်ကုန် နိုဝင်ဘာ ၁၂

TV Guide အတွဲ ၁၊ အမှတ် ၁၉ကို နိုဝင်ဘာ ၁၃ရက်(သောကြာနေ့)တွင် စတင်ဖြန့်ချိမည်ဖြစ်ကြောင်း သိရသည်။ ယင်း **TV Guide** တွင် **MTV** ရုပ်သံလိုင်း၌ ပြသမည့် ၂၀၀၉ **MTV Europe Music Awards** ဆုပေးပွဲမြင်ကွင်းနှင့် ထုတ်လွှင့်တင်ဆက်မည့် အစီအစဉ်၊ **Star SPORTS** ရုပ်သံလိုင်းတွင် တိုက်ရိုက်ပြသမည့် **UEFA EUROPEAN U-21** အင်္ဂလန်နှင့် ပေါ်တူဂီပွဲစဉ်အကြောင်း၊ **HONG KONG OPEN GOLF** ပွဲစဉ်၊ **NAT GEO WILD** ရုပ်သံလိုင်းတွင် ထုတ်လွှင့်မည့် မျိုးသုဉ်းခါနီး ဖားများအကြောင်း၊ **NAT GEO ADVENTURE** ရုပ်သံလိုင်းတွင် ပြသမည့် ကိုရီးယားအစားအသောက်များအကြောင်း၊ **DISCOVERY** ရုပ်သံလိုင်းတွင် ပြသမည့် မလေးရှားနိုင်ငံအကြောင်း ပိုပြီးစုံစုံလင်လင် သိရမည့် **EYE ON MALAYSIA** အစီအစဉ်အကြောင်း၊ **MRTV-4** တွင် ပြသမည့် **FANTASTIC FASHION** အကြောင်း၊ ခေတ်ပြိုင် ဂီတမှတ်တိုင်များအစီအစဉ်တွင် ဘိုဘိုဟန်၏ တင်ဆက်မှုသတင်းတို့နှင့်အတူ ပါဝင်နေကျကဏ္ဍများ၊ တစ်ပတ်စာ အစီအစဉ်များ ပါဝင်သည်။

TV Guide စာစောင်ကို တစ်စောင်လျှင် ကျပ် ၅၀၀နှုန်းဖြင့် **City Mart** များ၊ စိန်ဂေဟာစင်တာများ၊ **Shopping Centre** များ၊ စာအုပ်ဆိုင်များတွင် ဝယ်ယူနိုင်ကြောင်းနှင့် ရန်ကုန်မြို့နှင့် မန္တလေးမြို့များတွင် အိမ်တိုင်ရာရောက် အစီအစဉ် စတင်နေပြီဖြစ်ကြောင်း သိရသည်။

မိမိနှင့် မိသားစုဝင်များ၏ အားလပ်ချိန်များကို တန်ဖိုးရှိရှိ အသုံးချနိုင်ရန်နှင့် အစီအစဉ်ကောင်းများကို လက်မလွတ်စေရန်အတွက် **TV Guide** ရုပ်မြင်သံကြားလမ်းညွှန်ကို **Novel Light Express (Tel; 391186, 243893)** ဖြန့်ချိရေးမှ ဖြန့်ချိမည်ဖြစ်ရာ အပတ်စဉ် သောကြာနေ့တိုင်း စောင့်မျှော်ဖတ်ရှုနိုင်ပြီဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

အေးမေတ္တာ စာကြည့်တိုက် အဆောက်အအုံသစ် ငါန်းဇွန်မြို့နယ်၌ ဖွင့်လှစ်

ငါန်းဇွန် နိုဝင်ဘာ ၁၂

မြင်းခြံခရိုင် ငါန်းဇွန်မြို့နယ် ရွာသာအေးကျေးရွာ အေးမေတ္တာ စာကြည့်တိုက် အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၇ရက် နံနက် ၁၀နာရီက အဆိုပါအဆောက်အအုံသစ်ရှေ့၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင့်နိုင်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နီလာစိုး၊ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်ငွေတို့က အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် မြို့နယ်ဦးစီးမှူးတို့က ရေဒီယိုနှင့် သုတ၊ ရသ စာအုပ်မျိုးစုံကို ပေးအပ်လှူဒါန်းရာ ကျေးရွာဥက္ကဋ္ဌနှင့် စာကြည့်တိုက်မှူးတို့က လက်ခံယူကြသည်။

ရှင်းလင်းဆွေးနွေး

အဆိုပါ အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင့်နိုင်က အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်ဦးစီးမှူး ဒေါ်နီလာစိုးက ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဖွင့်လှစ်ရခြင်းရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများ၊ စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေး လုပ်ငန်းစဉ်များကိုလည်းကောင်း ရှင်းလင်းဆွေးနွေးသည်။

(မြို့နယ် ပြန်/ဆက်)

ကလေးဒေသနှင့် လမ်းတစ်လျှောက်ကျေးရွာများ ဖွံ့ဖြိုးတိုးတက်မှု

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး ကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၁၂

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုး၊ ချင်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဟုန်းငိုင်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါလျက် နိုဝင်ဘာ ၇ရက် နံနက်ပိုင်းက ကလေး-ကျီကုန်းလမ်းရှိ သံကူကွန်ကရစ် အမျိုးအစား ဖောင်ကူးတံတားတည်ဆောက်နေမှုနှင့် တံတားချဉ်းကပ်လမ်းမြေဖို့ထားရှိမှုတို့ကို လည်းကောင်း၊ ကလေးမြို့ ကွန်ပျူတာတက္ကသိုလ်(ကလေး) တည်ဆောက်မည့် မြေနေရာပြုပြင်ထားရှိမှုကို လည်းကောင်း၊ ကလေး-ကလေးဝလမ်းပိုင်း အခြေအနေများ၊ လမ်းတစ်လျှောက်ရှိ ကျွန်းစိုက်ခင်းများနှင့် တံတားကြံ့ခိုင်မှုအခြေအနေတို့ကို မော်တော်ယာဉ်ဖြင့် လည်းကောင်း၊ ကလေးဝမြို့နယ် ပြည်သူ့ဆေးရုံကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကာ ဆေးရုံအတွက် အလှူငွေများကိုပေးအပ်သည်။

ယင်းနောက် မြစ်သာတံတား ကြံ့ခိုင်မှု အခြေအနေများ၊ မိုင်တိုင်အမှတ်(၁၀၃/၃)၌ လမ်းပြုပြင်ခြင်း လုပ်ငန်းများဆောင်ရွက်နေမှုနှင့် ရေထုတ်မြောင်း တူးဖော်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

လက်ဆောင်ပေးအပ်

ထို့နောက် ဒုတိယ ဗိုလ်ချုပ်ကြီး သာအေးသည် မင်းကင်းမြို့နယ် မြို့မ ကျေးရွာသို့ ရောက်ရှိ၍ ကျေးရွာ ပြည်သူများနှင့်တွေ့ဆုံကာ ကျေးရွာ ပြည်သူများနှင့် လူမှုရေးအသင်း အဖွဲ့များအတွက် အားကစားပစ္စည်းများနှင့် လက်ဆောင်များကို ပေးအပ်သည်။

တွေ့ဆုံ

ယင်းနောက် ကျောက်တန်းဆည်ကို ကြည့်ရှုစစ်ဆေးပြီး ကျောက်တန်း ကျေးရွာနှင့် ကြာပင်ကျေးရွာတို့မှ ဒေသခံပြည်သူများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များ၊ ပညာရေး၊ ကျန်းမာရေး ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

ဆက်လက်၍ မိုင်တိုင်အမှတ် (၈၂/၀)၌ လုပ်ငန်းများဆောင်ရွက်နေမှုကိုလည်းကောင်း၊ မိုင်တိုင်အမှတ် (၇၉/၃)၌ လမ်းလုပ်ငန်းဆောင်ရွက်နေမှု၊ ရေနုတ်မြောင်းများ တူးဖော်နေမှုနှင့် သံခြင်းကျောက်စီ မြေထိန်းနံရံတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ဖြည့်ဆည်းဆောင်ရွက်

ထို့နောက် ကနီမြို့နယ် လာဘို့ ကျေးရွာသို့ရောက်ရှိရာ ရှင်းလင်း ဆောင်၌ တာဝန်ရှိသူက လုပ်ငန်း ဆောင်ရွက်နေမှုတို့ကို ရှင်းလင်း တင်ပြပြီး ဒုတိယ ဗိုလ်ချုပ်ကြီး သာအေးက လုပ်ငန်းလိုအပ်ချက်များ ကိုမှာကြား၍ ကျေးရွာပြည်သူများနှင့် တွေ့ဆုံကာ လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၁၂

မန္တလေးတက္ကသိုလ်ရူပဗေဒဌာန၌ တာဝန်ထမ်းဆောင်ခဲ့ပြီး အသက် (၆၀) ပြည့်အငြိမ်းစားဆရာ ဆရာမကြီးများအား ၁၉၆၃မှ ၂၀၀၉ ပညာသင်နှစ်များတွင် နေ့၊ ည စာပေးစာယူ၊ အဝေးသင်ရူပဗေဒ အဓိကအထူးပြု ကျောင်းသား ကျောင်းသူများ စုပေါင်း၍ တတိယအကြိမ် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၂၈ရက်(တနင်္ဂနွေနေ့)တွင် မန္တလေးတက္ကသိုလ်ဓမ္မာရုံ၌ ကျင်းပမည် ဖြစ်ရာ ကျောင်းသားကျောင်းသူများ မပျက်မကွက် တက်ရောက်ကြရန်နှင့် လှူဒါန်းလိုပါက တတိယအကြိမ် ရူပဗေဒမိသားစု အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးအဖွဲ့ ဖုန်း-၀၉-၂၀-၀၃၆၉၀၊ ၀၉-၂၀-၁၄၄၃၇၊ ၀၉-၂၀-၀၇၆၅၄၊ ၀၉-၅၃-၁၁၈၈၂၊ ၀၉-၂၀-၂၅၉၄၈၊ ၀၉-၂၀-၀၉၆၅၅၊ ၀၉-၂၀-၀၅၃၄၁၊ ၀၂-၆၄၉၂၆နှင့် ၀၂-၆၀၄၉၄-၆၉၉၆၂ တို့သို့ ဆက်သွယ်နိုင်ကြောင်း သတင်း ရရှိသည်။ **(သတင်းစဉ်)**

အရှေ့မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ် တိုင်းမှူးဒိုင်း ဘော်လီဘောပြိုင်ပွဲ၊ ဗိုလ်လုပွဲ ကြည့်ရှုအားပေး

နေပြည်တော် နိုဝင်ဘာ ၁၂

ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း) ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်သည် နိုဝင်ဘာ ၂ရက်က လားရှိုးမြို့ ပြည်ထောင်စု မိုးလုံလေလုံအားကစားရုံ၌ ကျင်းပသည့် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း ဘော်လီဘောပြိုင်ပွဲ၊ ဗိုလ်လုပွဲယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးပြီး တာဝန်ရှိသူများနှင့်အတူ ဆုရရှိကြသူများအား ဆုများကိုပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သံဖြူဇရပ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော မြို့ပြလမ်းများ အနက် ကြာကန်ရပ်ကွက် ကြာဖြူလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်း လုပ်ငန်းကို အမှုဆောင်အရာရှိ ဦးမြင့်ကွင်းဆင်းကြပ်မတ် ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

ရွှေသုတ စာကြည့်တိုက်အဆောက်အအုံ

မြစ်သားမြို့နယ်ကျောက်ဆောက်ကျေးရွာ၌ ဖွင့်လှစ်

မြစ်သား နိုဝင်ဘာ ၁၂

ကျောက်ဆည်ခရိုင် မြစ်သား မြို့နယ် ကျောက်ဆောက်ကျေးရွာ ရွှေသုတ စာကြည့်တိုက်၊ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၁၅ရက် နံနက် ၁၀နာရီက အဆိုပါ စာကြည့်တိုက်၌ ကျင်းပသည်။ အခမ်းအနားတွင် ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးသန်းက အဖွင့်အမှာ စကား ပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်ကျော့မြတ်ခိုင်က စံ(၅) ချက်နှင့် ပြည့်စုံသော စာကြည့်တိုက် ဖြစ်ပေါ်လာရေး၊ မြို့နယ် အလုပ်အမှုဆောင် ဦးတင်ထွန်းက စာအုပ်များ လှူဒါန်းရခြင်း အကျိုးကျေးဇူးတို့ကို ဟောပြောဆွေးနွေးရာ ရပ်မိရပ်ဖ ဦးမောင်ကောင်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ကျေးရွာဥက္ကဋ္ဌက စာကြည့်တိုက်အတွက် ရေဒီယို တစ်လုံးနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်ကျော့မြတ်ခိုင်က စာအုပ်များ လှူဒါန်းသည်။

ဖဲကြိုးဖြတ်

ထို့နောက် ရွှေသုတစာကြည့်တိုက် အဆောင်အအုံသစ်အား မြို့နယ် ဦးစီးမှူး ဒေါ်ကျော့မြတ်ခိုင်၊ ကျေးရွာ ဥက္ကဋ္ဌ ဦးသန်းနှင့် ဦးတင်ထွန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

(အောက်ပုံ) (မြို့နယ် ပြန်/ဆက်)

မြန်မာနယူးစ်ဝိခ်ဂျာနယ် ယခုအပတ်ဖြန့်ချိ

နေပြည်တော် နိုဝင်ဘာ ၁၂

ကျောက်မျက်ဈေးကွက်၊ သစ်ဈေးကွက်များ အရောင်းအဝယ်အေးသောကြောင့် ရွှေဈေးကွက်သို့ ပြောင်းလဲလုပ်ကိုင်လာကြ သတင်းပါရှိသည့် မြန်မာနယူးစ်ဝိခ်ဂျာနယ် အတွဲ(၂)၊ အမှတ်စဉ်(၂)ကို ယနေ့ ဖြန့်ချိထားသည်။

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ် ပဒဲကျွန်း၌ မြန်မာ-တရုတ်ရေနံစိမ်းပိုက်လိုင်း စီမံကိန်းစတင်ကာ ရေနံတင်ဆိပ်ကမ်း စတင်ဆောက်လုပ်၊ ရန်ကုန်-မန္တလေးလမ်းမကြီးကို အဆင့်မြင့်လမ်း ဖြစ်စေရန် ဆောင်ရွက်ခြင်းကြောင့် လမ်းအသုံးပြုခြင်း စရိတ်နှစ်ဆခန့် တိုးမြှင့်ကောက်ခံ၊ အမေရိကန် ကိုယ်စားလှယ်များ မြန်မာနိုင်ငံသို့ သွားရောက်ဆွေးနွေးမှု ဂျပန်ချီးကျူး၊ ဝါရှင်တန်အနေဖြင့် မြန်မာနိုင်ငံနှင့် ဆက်ဆံရေးတိုးမြှင့်သွားမည်၊ ရွှေထည် လက်ဝတ်ရတနာများပေါ်၌ ဓာတ်ပုံရိုက်နှိပ်နိုင်သည့် နည်းပညာသစ် ပေါ်ထွန်းလာ၊ (Road To Mandalay)အပျော်စီးသင်္ဘောကြီး၏ ၂၀၁၀နှစ်သစ်ကူး ခရီးစဉ်စတင်ပြေးဆွဲတော့မည်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ ဝက်သား၊ အမဲသား၊ တရားမဝင်မွေးမြူသူများ၊ ဖမ်းဆီးသူများ၊ သားသတ်သူများကို ထိရောက်စွာ အရေးယူမည်၊ သစ်များကို ကုန်းလမ်းမှ ပြည်ပသို့ သယ်ယူမှု ပြုလုပ်ခြင်းက အဆင်ပြေ၊ မြန်မာအထည်ချုပ်စက်ရုံများကို ဂျပန်နိုင်ငံမှ လုပ်ငန်းရှင်များက ရင်းနှီးမြှုပ်နှံမှုပြုလုပ်မည်၊ စင်ကာပူတွင် အသစ်ဖွင့်လှစ်မည့် ဆေးရုံသစ်နှစ်ရုံအတွက် ကျန်းမာရေးဝန်ထမ်း ၁၅၀၀လိုအပ်နေ၊ ကန်ထရိုက်တိုက်များ ဆောက်လုပ်သည့်အခါ စည်ပင်အင်ဂျင်နီယာဌာန (အဆောက်အအုံ)မှ ချမှတ်ထားသည့် စည်းကမ်းချက် (၄)ချက်နှင့်အညီ ဆောက်လုပ်ရမည်၊ ဟစ်ဖ်ဘိုလာတို့အတွက် အီရန်မှ လက်နက်များ တင်ဆောင်လာသည့် သင်္ဘော အစ္စရေးရေတပ်ဖမ်းဆီး၊ ရုရှား၏ စစ်တပ်ထောက်လှမ်းရေး အကြီးအကဲစစ်ပွဲသစ်အတွက် သတိပေး၊ ဟစ်ဖ်ဘိုလာက အစ္စရေးကို ၂၀၁၀ ခုနှစ်ဦးတွင် စတိုက်ဖွယ်ရှိ၊ ဘာလင်တံတိုင်းကြီး ပြိုကျခဲ့သည်မှာ အနှစ် ၂၀ပြည့်ပြီ၊ ကမ္ဘောဒီးယားအစိုးရအဖွဲ့၏ စီးပွားရေး အကြံပေးအဖြစ် ခန့်အပ်ခြင်းခံခဲ့ရသည့် ထိုင်းဝန်ကြီးချုပ်ဟောင်း သက်ဆင် စသည့် နောက်ဆုံးရပြည်တွင်း ပြည်ပသတင်းများနှင့်အတူ ထုတ်ဝေဖြန့်ချိလိုက်ပြီ ဖြစ်သည်။

မြန်မာနယူးစ်ဝိခ်ဂျာနယ်ကို အပတ်စဉ်အင်္ဂါနေ့တိုင်း ထုတ်ဝေလျက်ရှိသည်။ **(သတင်းစဉ်)**

စာအုပ် စာပေ လူ့မိတ်ဆွေ

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း ပညာဆိုင်ရာ ဟောပြောပွဲကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၁၂

မြန်မာ့နိုင်ငံ အင်ဂျင်နီယာအသင်းနှင့် Global Business Link၊ ထိုင်းနိုင်ငံမှ TPIPOLENE ကုမ္ပဏီတို့ ပူးပေါင်းကျင်းပသည့် Cement Production Techn ology နှင့် Mix Design For High Strength Concrete ပညာရပ်ဆိုင်ရာ ဟောပြောပွဲကို နိုဝင်ဘာ ၁၄ရက် (စနေနေ့) နံနက် ၈နာရီတွင် တက္ကသိုလ်များ လှိုင်နယ်မြေ (လှိုင်မြို့နယ်) ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း အဆောက်အအုံ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

စုံစမ်းနိုင်

အဆိုပါဟောပြောပွဲသို့ စိတ်ပါဝင်စားသူမည်သူမဆို တက်ရောက်နိုင်ပြီး အသေးစိတ်သိရှိလိုသော အချက်အလက်များကို မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း ဖုန်း-၅၁၉၆၇၆ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ကဗျာရွတ်ဆိုပြိုင်

အောက်တိုဘာ ၁၅ ရက်က ပဲခူးတိုင်း (အရှေ့ပိုင်း) ကျောက်တံခါးမြို့နယ် ပဲနွယ်ကုန်းဒေသ အလယ်တန်း၊ မူလတန်း အင်္ဂလိပ်ကဗျာရွတ်ဆိုပြိုင်ပွဲကို ဒေသအုပ်စု အမက သတိပဋ္ဌာန်ကျောင်းတွင် ကျင်းပစဉ်။

(ဝ၆၇)

ရှောင်လေဝေးဝေး မူးယစ်ဆေး

● *ကျော်ဖုံးမှ*

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန မော်တော်ယာဉ်စစ်ဆေးရေးဌာနအနေဖြင့် ကုန်တင်ယာဉ်များအတွက် ခွင့်ပြုကုန်ချိန်များ သတ်မှတ်ပေးရာတွင် မော်တော်ယာဉ်ဥပဒေ၊ နည်းဥပဒေပါ သတ်မှတ်ချက်များအရလည်းကောင်း၊ လုပ်ထုံးလုပ်နည်း ကန့်သတ်ချက်များအရ လည်းကောင်း၊ အာဆီယံစံချိန်စံညွှန်း အလေးချိန်အရလည်းကောင်း စိစစ်သတ်မှတ်ပေးလျက် ရှိပါသည်။

မော်တော်ယာဉ်ပိုင်ရှင်များ၏ ပြုပြင်ပြောင်းလဲမှုများ၊ အခြားနိုင်ငံများတွင် ပြေးဆွဲအသုံးပြုနေသော ကုန်တင်မော်တော်ယာဉ်များမှာ မူလထုတ်လုပ်သူမှ ခွဲခြားသတ်မှတ်ထုတ်လုပ်ထားသည့် လုပ်ငန်းအမျိုးအစား၊ ကုန်ပစ္စည်းအမျိုးအစားအလိုက်၊ ကိုက်ညီသည့် ကုန်တင်ယာဉ်များကိုသာ အသုံးပြုကြောင်း တွေ့ရသည့်အပြင် ထုတ်လုပ်သူသတ်မှတ်ထားသည့် ကုန်ချိန်များအတိုင်းသာ တင်ဆောင်ပြေးဆွဲကြောင်း တွေ့ရှိရပါသည်။ ထို့အပြင် လမ်းမကြီးများအလိုက် သတ်မှတ်ထားသော အမြန်နှုန်းစည်းကမ်းများအတိုင်း လိုက်နာမောင်းနှင်ကြသဖြင့် ယာဉ်ပျက်စီးမှုနှင့် လမ်းပျက်စီးမှုများ နည်းပါးကြောင်း တွေ့ရသည်ဟု ဆို၏။

မြန်မာနိုင်ငံရှိ မော်တော်ယာဉ် ပိုင်ရှင်များအနေဖြင့် မိမိတို့၏ကုန်တင်ယာဉ်များကို မူလထုတ်လုပ်သူ၏ ပုံစံထုတ်တည်ဆောက်မှုများမှ ပြုပြင်ပြောင်းလဲအသုံးပြုကြောင်း တွေ့ရှိရပြီး ကုန်ပစ္စည်းအဆမတန်တင်ဆောင်နိုင်စေရန်အတွက် မူလအလူမီနီယမ်ဘော်ဒီအသေးမှ ခိုင်ခံ့ကြီးမားသော သံဘော်ဒီများသို့ တိုးချဲ့ပြောင်းလဲ လုပ်ဆောင်လာခြင်း၊ အောက်ခံသံပေါင် ဖရိန်ထပ်ပိုးခြင်း၊ လေးပြားအရွယ်အစားနှင့် အရေအတွက်များ ပြောင်းလဲတိုးချဲ့ခြင်း၊ ဝင်ရိုးကြီးများ ပြောင်းလဲတပ်ဆင်ခြင်း၊ ခွေနှင့် တာယာအရွယ်အစား ပြောင်းလဲတပ်ဆင်ခြင်း၊ မူလကုန်တင်ယာဉ်မှ အခြားကိုယ်ထည်များသို့ တရားမဝင်ပြောင်းလဲခြင်းများကြောင့် ယာဉ်၏အခြေခိုင်စွမ်းရည် စနစ်၊ ပဲ့ကိုင်ထိန်းကျောင်းစနစ်၊ ဘရိတ်စနစ်များပျက်ယွင်းပြီး ယာဉ်တိမ်းမှောက်မှု၊ ယာဉ်တိုက်မှု၊ လမ်းပျက်စီးမှု၊ တံတားပျက်စီးမှုများ မကြာခဏ ဖြစ်ပေါ်စေကြောင်း တွေ့ရှိနေရသည်။

ယာဉ်ပိုင်ရှင်များအနေဖြင့် ယာဉ်ကြံ့ခိုင်တောင့်တင်းစေရန် ပြုလုပ်သည်ဟုဆိုသော်လည်း ထိုသို့ ပြုပြင်မှုများသည် ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စံနှုန်းသတ်မှတ်ချက်များနှင့် ကိုက်ညီမှုမရှိကြောင်း တွေ့ရှိရသဖြင့် အထက်ပါပြောင်းလဲချက်များအား ကုန်းလမ်းပို့ဆောင်ရေးဦးစီးဌာနအနေဖြင့် ခွင့်မပြုတော့ဟု သိရသည်။ သာမန်အားဖြင့် ကုန်တင်မော်တော်ယာဉ်တစ်စီး၏ ဝန်တင်ဆောင်နိုင်အားသည် ယာဉ်၏အလျား ကုန်တင်နေရာအကျယ်အဝန်းတစ်ခုတည်းပေါ်တွင် တည်မှီနေခြင်းမဟုတ်ဘဲ ယာဉ်၏ အခြားစက်မှုပိုင်းဆိုင်ရာ အချက်အလက်များပေါ်တွင်လည်း မူတည်နေကြောင်း လေ့လာသိရှိရပါသည်။ ယာဉ်ပိုင်ရှင်များအနေဖြင့် ယာဉ်၏ကိုယ်ထည်အား ၎င်းတို့ စိတ်ကြိုက်ချဲ့ထွင်၍ နေရာအကျယ်အဝန်းရှိသလောက် ကုန်ပစ္စည်းအမျိုးအစားမရွေး အပြည့်အမောက်တင်ဆောင်ခြင်း၊ သတ်မှတ်အမြင့်ထက်ကျော်လွန်၍ တင်ဆောင်ခြင်း၊ သတ်မှတ်အစွန်းထွက် အကွာအဝေးထက်ကျော်လွန်၍ တင်ဆောင်ခြင်း၊ ခိုင်မြဲစွာ ထိန်းချုပ်မှုနည်းပါးခြင်းတို့ကြောင့် ယာဉ်တိမ်းမှောက်မှု၊ ယာဉ်ပျက်စီးမှု၊ (လေးကျိုးခြင်း၊ ဖရိန်ကျိုးခြင်း၊ ဝင်ရိုးကျိုးခြင်း၊ တာယာကွဲခြင်းစသည့်) လမ်းပိတ်ဆို့မှုများ မကြာခဏဖြစ်ပေါ်စေလျက်ရှိသည့်အပြင် လမ်းများနှင့် တံတားများသည် သတ်မှတ်ကာလမတိုင်မီ ပျက်စီးစေကြောင်း တွေ့ရှိနေရသည်။

မော်တော်ယာဉ်များ၏ ပြုပြင်ပြောင်းလဲမှုအခြေအနေ

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန၊ မော်တော်ယာဉ်စစ်ဆေးရေးဌာနသည် မော်တော်ယာဉ်များအား စစ်ဆေးရာတွင် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ညွှန်ကြားချက်များဖြင့် ယာဉ်များ၏ လမ်းအန္တရာယ်ကင်းရှင်းရေးနှင့် လမ်းအသုံးချခံနိုင်မှု ရှိ/ မရှိကို စစ်ဆေးခွင့်ပြုလျက်ရှိပါသည်။ ထို့ကြောင့် ယာဉ်များ၏ကြံ့ခိုင်ရေးနှင့် ပတ်သက်၍ စက်မှုပိုင်းဆိုင်ရာဥ္စတပ်ဆင်အသုံးပြုနေသော ယာဉ်၏အဓိကအစိတ်အပိုင်းကြီးများ ပြောင်းလဲခြင်းနှင့် ယာဉ်၏အတိုင်းအတာ ကန့်သတ်ချက်များကို ရုံးအမိန့်၊ ညွှန်ကြားချက်များနှင့် ကန့်သတ်ထိန်းချုပ် ထားပါသည်။ သို့ရာတွင် ယာဉ်ပိုင်ရှင်များအနေဖြင့် မော်တော်ယာဉ်များအား သတ်မှတ်ချက်များထက် ကျော်လွန်၍ အကြောင်းအမျိုးမျိုးဖြင့် တည်ဆောက်မှုပုံစံနှင့် အသုံးခံနိုင်မှုများ ပြောင်းလဲ တည်ဆောက်နေကြောင်း တွေ့ရှိသည်။ ယာဉ်ပိုင်ရှင်များမှ ထိုသို့ပြုလုပ်ခြင်းမှာ မူလနမူနာပုံစံပါ ကန့်သတ်ချက် စံနှုန်းများကို ကျော်လွန်၍ ဝန်ပိုမိုတင်ဆောင်နိုင်ရန်ဖြစ်သည်။ ကုန်းလမ်း ပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၏ ယာဉ်စစ်ဆေးရေးဌာနအနေဖြင့် မြန်မာနိုင်ငံ၏ လမ်းအခြေအနေ၊ နိုင်ငံတကာမှ သတ်မှတ်ထားသော ယာဉ်အမျိုးအစားနှင့် တင်အားအလိုက်ထုတ်ပြန်ထားသော ဥပဒေ၊ နည်းဥပဒေသတ်မှတ်ချက်များနှင့် အညီ ခွဲခြားသတ်မှတ်ပေးလျက်ရှိသည်။

မူလထုတ်လုပ်သူ သတ်မှတ်ချက် ဖြစ်သည့် အတိုင်းအတာ၊ ဝင်ရိုးပုံစံ၊ ဝင်ရိုးအရေအတွက်များမှ အခြားပုံစံများသို့ ပြောင်းလဲပြုလုပ်လာကြခြင်းကြောင့် ယာဉ်၏တင်အားကို တက်လာစေသော်လည်း ယာဉ်၏လှုပ်ရှားနိုင်မှုစွမ်းရည်ကျဆင်း၍ လမ်း၊ တံတားခံနိုင် ရည်သတ်မှတ်ချက်များတို့ကို ကျဆင်းစေပါသည်။ အာဆီယံစံချိန်စံညွှန်း များအရ ယာဉ်အလျား၊ ယာဉ်အနံ၊ ယာဉ်အမြင့် သတ်မှတ်ထားရှိပါသည်။ မော်တော်ယာဉ်များ ပြုပြင်လိုက်ခြင်းကြောင့် မူလယာဉ်အတိုင်းအတာများမှ အလျား၊ အနံ၊ အမြင့်များ ပိုမိုရှည်လာ

ဝင်ရိုးသုံးခုတပ် မူလကိုယ်ထည်နှင့် တွေ့ရသော လမ်းနှင့်ဆောက်လုပ်ရေးလုပ်ငန်းခွင်သုံး မြေသယ်ကားတစ်စီးကို တွေ့ရစဉ်။ (သတင်းစဉ်)

သဖြင့် ယာဉ်တစ်စီးနှင့်တစ်စီး ရှောင်တိမ်းမှုတွင်လည်းကောင်း၊ လမ်းကွေ့များတွင်လည်းကောင်း၊ ယာဉ်နှင့်လမ်း အသုံးပြုသူများကို ထိခိုက်စေနိုင်ပါသည်။ ယာဉ်အလျားဆန့်ထုတ်ခြင်းကြောင့် လမ်းကွေ့အချင်းဝက်များလာပြီး လမ်းကွေ့များတွင် မလွတ်ကင်းမှုများဖြစ်ခြင်း၊ ယာဉ်အမြင့်တိုးချဲ့မှုကြောင့် စီဂျီမြင့်မားလာပြီး လမ်းစောင်းခြင်းနှင့် အကွေ့နေရာများတွင် ယာဉ်တိမ်းမှောက်စေခြင်း၊ အခြားကုန်တင်ဆောင်ထားသော ယာဉ်များနှင့် မလွတ်ကင်းနိုင်မှုများကို ဖြစ်ပေါ်စေပါသည်။

မော်တော်ယာဉ်ဥပဒေ၊ နည်းဥပဒေမှ ကုန်တင်ယာဉ်ကြီးများနှင့် သက်ဆိုင်သည့် အချက်များအား ကောက်နုတ်တင်ပြခြင်း

၁၉၆၄ခုနှစ် မော်တော်ယာဉ် ဥပဒေအခန်း(၂) ပုဒ်မ (၅)တွင် ယာဉ်တည်ဆောက်မှု၊ ပြုပြင်ထားရှိမှု သက်ဆိုင်သည့် ယေဘုယျပြဋ္ဌာန်းချက်နှင့် ၁၉၈၉ခုနှစ်၊ မော်တော်ယာဉ်နည်းဥပဒေ အခန်း(၂) အပိုဒ်(၈) အပိုဒ်ခွဲ(က)(ခ) တို့တွင် ယာဉ်ကို အခါခပ်သိမ်းပြုပြင်ထားရှိရန် တာဝန်ရှိသူမှာ ပိုင်ရှင်ဖြစ်ပြီး မိမိယာဉ်ကို သတ်မှတ်ချက်များနှင့်အညီ ပြုပြင်ထိန်းသိမ်းရမည်ဖြစ်ပါသည်။

၁၉၆၄ခုနှစ် မော်တော်ယာဉ် ဥပဒေ အခန်း(၂) ပုဒ်မ(၆)၊ ၁၉၈၉ခုနှစ် မော်တော်ယာဉ် နည်းဥပဒေ အခန်း(၂) အပိုဒ်(၁၆) အပိုဒ်ခွဲ (က)(၆)နှင့် အခန်း(၃) အပိုဒ်(၂၄) တို့တွင် ယာဉ်ကိုပြုပြင်ထိန်းသိမ်းမှု မရှိလျှင်လည်းကောင်း၊ ခွင့်ပြုချက်မရဘဲ ပြုပြင်ပြောင်းလဲလျှင်လည်းကောင်း၊ မှတ်ပုံတင်ခွင့်မပြုကြောင်း ပြဋ္ဌာန်းထားပါသည်။

၁၉၈၉ခုနှစ် မော်တော်ယာဉ် နည်းဥပဒေအခန်း (၃)တွင် ကိရိယာတန်ဆာပလာတပ်ဆင်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းဆိုင်ရာ အချက်များ အပိုဒ်(၂၆) အပိုဒ်ခွဲ (ဃ)တွင် ရောင်ပြန်ပြားတပ်ဆင်ရန်လည်းကောင်း၊ အပိုဒ်ခွဲ (ဍ)တွင် ယာဉ်ကြီးများ အခြားမီးများအပြင် ယာဉ်အမြင့်နှင့်အနံကို ညအချိန်မြင်နိုင်စေရန် မီးငယ်များ တပ်ဆင်ထားရှိရန်လည်းကောင်း၊ ယာဉ် ကိုယ်ထည်သည် အလျား ၂၄ပေ (၇. ၃၁မီတာ)ထက် ရှည်လျှင် ညအချိန် ယာဉ်အလျားကိုသိရှိရန် လက်ဝဲ၊ လက်ယာ၊ ကိုယ်ထည်၊ အရှေ့၊ အနောက်တွင် မီးလုံးငယ်များ တပ်ဆင်ထားရှိရန်လည်းကောင်း ပြဋ္ဌာန်းထားပါသည်။

၁၉၈၉ခုနှစ် မော်တော်ယာဉ် နည်းဥပဒေအခန်း (၃) အပိုဒ် (၃၁) စာပိုဒ်ခွဲ (က) (ခ) ကုန်တင်ယာဉ်၊ ချိတ်ဆွဲယာဉ်၊ နောက်တွဲယာဉ်တို့၏ ဝန်မပါ ယာဉ်အလေးချိန်၊ တင်ဆောင်နိုင်သည့်အလေးချိန် စုစုပေါင်းယာဉ် အလေးချိန်များကို ယာဉ်၏ လက်ယာဘက်ရှေ့ဘေးတွင် ရေးသားထားရန်ပါရှိပါသည်။

၁၉၈၉ခုနှစ် မော်တော်ယာဉ်နည်းဥပဒေအခန်း (၆) အပိုဒ် (၁၀၂)(က) (ခ)တို့တွင်လည်း "အငှားယာဉ်တွင် တင်ဆောင်နိုင်သောခရီးသည် အရေအတွက် (သို့မဟုတ်) ကုန်ချိန်သည် ဗဟိုမှတ်ပုံတင်အဖွဲ့၏ မော်တော်ယာဉ်မှတ်တမ်းတင် သတ်မှတ်ထားသည့်အတိုင်း ဖြစ်ရမည်" ဟူ၍ လည်းကောင်း၊ "ယာဉ်တွင်တင်ဆောင်ရန် သတ်မှတ်ထားသည့် ခရီးသည်အရေ အတွက် (သို့မဟုတ်) ကုန်ချိန်ထက်ပိုပြီး တင်ဆောင်ခြင်းမပြုရ" ဟူ၍ ဖော်ပြထားပါသည်။ ယင်း ဥပဒေအပိုဒ် (၁၃၈) (ခ)တွင်လည်း "မှတ်ပုံတင်ခွင့်ပြုထားသော ကုန်ချိန်ထက်ပို၍ တင်ဆောင်သော ကုန်တင်ယာဉ်ကို နည်းဥပဒေ (၁၃၃)ပါ ပြဋ္ဌာန်းချက်အရ ကြီးကြပ်ထိန်းသိမ်းရန် တာဝန်ရှိသူက စစ်ဆေးတွေ့ရှိလျှင် ကုန်ချိန်အပိုကို ယာဉ်ပိုင်ရှင် (သို့မဟုတ်) ယာဉ်အတွက် တာဝန်ရှိသူက မိမိအစီအစဉ်ဖြင့် ယာဉ်ပေါ်မှချ၍ စောင့်ရှောက်ရမည်။ ကြီးကြပ်ထိန်းသိမ်းမှု၏အစီအစဉ်ဖြင့် ဆောင်ရွက်ပေးရလျှင် ကုန်ကျစရိတ်များကို ယာဉ်ပိုင်ရှင် (သို့မဟုတ်) ယာဉ်အတွက် တာဝန်ရှိသူက ကျခံရမည်" ဟု ထပ်မံဖော်ပြထားပါသည်။

ထို့အပြင် အပိုဒ် (၁၆၅) အပိုဒ်ခွဲ (က)တွင် ကုန်ပစ္စည်းများကို စနစ်တကျနှင့် ခိုင်မြဲစွာတင်ဆောင်ရန်လည်းကောင်း၊ အပိုဒ်ခွဲ (ခ)တွင် ကုန်တင်ရန် အမြင့်အားမြေညီလမ်းမှ ကုန်ပစ္စည်းထိပ်အထိ ဝန်လေး ယာဉ်အတွက် ၃ဒသမ ၆၆ မီတာ (၁၂)ပေ၊ ဝန်ပေါ့ယာဉ်အတွက် ၃ဒသမ၀၅မီတာ (၁၀)ပေထက် မပို စေရန်လည်းကောင်း၊ အပိုဒ်ခွဲ (ဂ)တွင် တင်ဆောင်သော ကုန်ပစ္စည်းများ၏ ယာဉ်အရှေ့နှင့် အနောက်သို့ အစွန်းထွက်မှု သတ်မှတ်ချက်ကိုလည်းကောင်း ဖော်ပြထားပါသည်။

ကုန်စည်စီးဆင်းမှု တိုးတက်များပြားလာခြင်းအတွက် ကုန်စည်များစွာ သယ်ဆောင်ပေးရန် လိုအပ်ပါသည်။ ထိုသို့ သယ်ဆောင်ရာတွင် ကုန်တင်ယာဉ်တစ်စီးချင်းပေါ်သို့ သတ်မှတ်ချက်များထက်ကျော်လွန်၍ အဆမတန်သယ်ဆောင်သည့်နည်းလမ်းမှာ အကျိုးဖြစ်ထွန်းမှု နည်းပါးသည်။

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် ကုန်ချိန်အဆမတန် တင်ဆောင်သည့် အတွက် ရရှိသည့်အကျိုးကျေးဇူးထက် ယာဉ်နှင့်လမ်းများ ပျက်စီးမှုက ပိုမိုများပြားကြောင်း တွေ့ရပါသည်။ ယာဉ်ပိုင်ရှင်များသည် ကုန်ပိုမိုတင်ဆောင်ကြခြင်းမှာ ပို့ဆောင်ခပိုမိုရယူလိုခြင်း၊ ယာဉ်ပြေးဆွဲမှုအကြိမ်လျှော့ချလိုခြင်း၊ လောင်စာဆီစရိတ်လျော့ နည်းသက်သာလိုခြင်း၊ ယာဉ်ပြင်ဆင်စရိတ်နှင့် အချိန်ကုန်သက်သာလိုခြင်းများကြောင့် ကုန်ချိန်တင်ဆောင်သော်လည်း လက်တွေ့ အားဖြင့်မူ အထက်ဖော်ပြခဲ့သည့် မော်တော်ယာဉ်တည်ဆောက်မှုဆိုင်ရာ အခြေခံစံနှုန်းများ၊ ကန့်သတ်ချက်များ၊ ပျက်ယွင်းလာသည့်အတွက် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်များဖြစ်ပွားစေနိုင်ကြောင်း တွေ့ရပါသည်။ ထို့ပြင် ဝင်ရိုးဝန်ထမ်းအလေးချိန်သတ်မှတ်ချက်ထက် ကျော်လွန်အသုံးပြုနေခြင်းကြောင့် လမ်းနှင့်တံတားများ သတ်မှတ်ကာလမတိုင်မီ ပျက်ယွင်းစေနိုင်ပါသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန မော်တော်ယာဉ်စစ်ဆေးရေးဌာနသည် မော်တော်ယာဉ်များအား ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်/ ညွှန်ကြားချက် အာဆီယံစံချိန်စံညွှန်းများနှင့်အညီ စစ်ဆေးသတ်မှတ်ခွင့်ပြုလျက်ရှိပါသည်။ မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် အများပြည်သူတို့ဆိုင်ရာ လမ်း များပေါ်တွင် ကုန်စည်များကို သတ်မှတ်ချက်ထက် ကျော်လွန်စွာ တင်ဆောင်ပြေးဆွဲနေခြင်းများအား ထိရောက်စွာတားဆီး အရေးယူနိုင်မည်ဆိုပါက ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်လျော့နည်း သွားနိုင်မည်ဖြစ်ကြောင်း သုံးသပ်တွေ့ရပါသည်။

မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံဖြစ်သဖြင့် မော်တော်ယာဉ်များ ပြုပြင်တည်ဆောက်ခြင်းများနှင့် ပတ်သက်၍ နိုင်ငံတကာသတ်မှတ်စံနှုန်းများ၊ အာဆီယံစံနှုန်းများနှင့် ယာဉ်ထုတ်လုပ်သူ သတ်မှတ်ချက်စံနှုန်းများနှင့်အညီ ရှိနေရန်လိုအပ်ပါသည်။ ထိုသို့ သတ်မှတ်ခွင့်ပြုချက် အတွင်းရှိနေစေခြင်းဖြင့် ယာဉ်အန္တရာယ်များ နည်းပါးစေနိုင်မည်ဖြစ်သည့်အပြင် လမ်းနှင့် တံတားပျက်စီးမှုများကိုလည်း လျော့ကျစေနိုင်မည်ဖြစ်ပါသည်။ ထို့ အပြင် ယာဉ်စစ်ဆေးရေးဌာန၏ အဓိကတာဝန်ဖြစ်သည့် လမ်းအန္တရာယ်ကင်းရှင်းရေးနှင့် လမ်းအသုံးခံနိုင်မှု လုပ်ငန်းများကိုလည်း ပိုမိုထိရောက်အောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရခြင်း ဖြစ်ပါသည်။

(ဆက်လက်ဖော်ပြပါမည်။)

ဝင်ရိုးနှစ်ခုတပ်မူလယာဉ်

ဘေးအန္တရာယ်ကင်းရှင်းစေမည့် စံနှုန်းများကို အခြေခံ၍ ပြုလုပ်ထားသော ဝင်ရိုးနှစ်ခုတပ် မူလယာဉ်တစ်စီး၏ ဖွဲ့စည်းမှု·····။

(သတင်းစဉ်)

နိုင်ငံတကာရှိ မော်တော်ယာဉ် ထုတ်လုပ်သူများက ဝန်တင်အားအလိုက် ဘေးအန္တရာယ်ကင်းရှင်းစေမည့် မူလအလူမီနီယံကိုယ်ထည်ဖြင့် ထုတ်လုပ်ထားသော ဝင်ရိုးသုံးခုတပ်မော်တော်ကားတစ်စီး၏ အနေအထားပုံသဏ္ဌာန်····။

(သတင်းစဉ်)

မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံဖြစ်သဖြင့် မော်တော်ယာဉ်များ ပြုပြင်တည်ဆောက်ခြင်းများနှင့် ပတ်သက်၍ နိုင်ငံတကာသတ်မှတ်စံနှုန်းများ၊ အာဆီယံစံနှုန်းများနှင့် ယာဉ်ထုတ်လုပ်သူ သတ်မှတ်ချက်စံနှုန်းများနှင့်အညီ ရှိနေရန်လိုအပ်။ ထိုသို့ သတ်မှတ်ခွင့်ပြုချက် အတွင်းရှိနေစေခြင်းဖြင့် ယာဉ်အန္တရာယ်များ နည်းပါးစေနိုင်မည်ဖြစ်သည့်အပြင် လမ်းနှင့် တံတားပျက်စီးမှုများကိုလည်း လျော့ကျစေနိုင်။

13-11 (09).pmd 1 11/13/2009, 12:02 PM

မြန်မာနိုင်ငံ၏ ဆူနာမီကြိုတင်သတိပေး လက်တွေ့လေ့ကျင့်ခန်းဆောင်ရွက်မှု

မြေငလျင်အင်အား ရစ်ချ်တာစကေး ၇ ကျော်ပြီး ကျယ်ပြန့်သော ပင်လယ်ရေအောက်ကြမ်းပြင်၏ အောက်အနက် ကီလိုမီတာ ၅၀ မကျော်သော နေရာကို ဗဟိုပြုလှုပ်ပါက ဆူနာမီရေလှိုင်း ဖြစ်ပေါ်နိုင်သည်။ မြေငလျင်ကြောင့် ပင်လယ်ရေအောက်ကြမ်းပြင်မှ မြေသားများအထက် အောက်လှုပ်ရှားခြင်းဖြင့်သာ ဆူနာမီလှိုင်းကို ဖြစ်ပေါ်စေသည်။ ဆူနာမီရေလှိုင်းဖြစ်ပေါ်ရာတွင် လှိုင်းအလျား ကီလိုမီတာ ၁၆၀ ရွေ့လျားနှုန်း တစ်နာရီလျှင် ၇၂၅ ကီလိုမီတာနှင့် ကမ်းခြေလှိုင်း အမြင့် ၁၅ မှ မီတာ ၃၀ခန့်အထိ ဖြစ်ပေါ်စေနိုင်သည်။ လှိုင်းအလျားရှည်သဖြင့် ပုံမှန်ရေလှိုင်းများကဲ့သို့ ချက်ချင်းပင်လယ်သို့ ပြန်မဆုတ်နိုင်ဘဲ ရေတက်လာပြီး ၅ မိနစ်မှ ၁၀ မိနစ်ခန့်အထိကြာမှ လှိုင်းပြန်ကျတတ်သည်။

၂၀၀၉ ခုနှစ် ဇူလိုင်လနှင့် ဩဂုတ်လတို့၌ အိန္ဒိယသမုဒ္ဒရာအတွင်းတွင် မြေငလျင်လှုပ်မှု ပိုမိုများပြားခဲ့သည်။ ၂၀၀၉ ခုနှစ် ဇူလိုင်လ ၂၆ရက်မှ ၂၉ရက်အတွင်း မြောက်လတ္တီတွဒ် ၁၀ဒီဂရီနှင့် အရှေ့လောင်ဂျီတွဒ် ၉၄ဒီဂရီ တစ်ဝိုက်တွင် အင်အားပမာဏ ၄ ဒသမ ၅မှ ၅ ဒသမ ၃ အတွင်းရှိ အင်အားအနည်းငယ်မှ အင်အားအတင့်အသင့်ရှိ မြေငလျင်များ (၂၅)ကြိမ် လှုပ်ခဲ့သည်။ ၂၀၀၉ခုနှစ် စက်တင်ဘာလ ၁၁ရက်က အင်အားရစ်ချ်တာစကေး ၇ ဒသမ ၇ ရှိ အင်အားအလွန်ပြင်းထန်သော မြေငလျင်တစ်ခုသည် ပင်လယ်ကြမ်းပြင်အောက် အနက် ၃၃ဒသမ ၁ကီလိုမီတာနေရာကို ဗဟိုပြု၍ လှုပ်ခဲ့ပြီး အင်အားပမာဏ ရစ်ချ်တာစကေး ၄ ဒသမ ဝ မှ ၅ ဒသမ ၉အထိရှိ အင်အားအနည်းငယ်နှင့် အင်အားအသင့်အတင့်ရှိ နောက်ဆက်တွဲမြေငလျင်များ လှုပ်ခဲ့သည်။ အဆိုပါ မြေငလျင်များ လှုပ်သောနေရာသည် အိန္ဒိယနိုင်ငံပိုင် ကပ္ပလီကျွန်းစုအနီးနေရာဖြစ်၍ ပုသိမ်မြို့မှ မိုင် ၃၀၀ခန့်သာ ကွာဝေးသည်။ အဆိုပါ မြေငလျင်၏ အင်အားပမာဏ ရစ်ချ်တာစကေး ၇ ဒသမ ၇သည် ဆူနာမီရေလှိုင်းကြီးများ ဖြစ်ပေါ်စေနိုင်သည့် အင်အားပမာဏဖြစ်သော်လည်း ပြတ်ရွေ့ကြောင်း၏ မျက်နှာပြင်ဧရိယာ မကျယ်ပြန့်ခြင်းနှင့် အထက်အောက်လှုပ်မှုနည်းခြင်းတို့ကြောင့် ကံကောင်းစွာ ဆူနာမီရေလှိုင်းများ မဖြစ်ပေါ်ခဲ့ပါ။ အကယ်၍ ဆူနာမီရေလှိုင်းဖြစ်ပေါ်မည်ဆိုပါက ဆူနာမီရေလှိုင်းများသည် မြန်မာနိုင်ငံ မြစ်ဝကျွန်းပေါ် ကမ်းရိုးတန်းသို့ နာရီဝက်ခန့် မိနစ် ၃၀ခန့်အကြာတွင် ရောက်ရှိနိုင်မည်။ သို့ဖြစ်၍ မြန်မာ့ကမ်းရိုးတန်းနေ ပြည်သူလူထုအနေဖြင့် ဆူနာမီသတိပေးချက်ရရှိသည်နှင့် တစ်ပြိုင်နက် ဆူနာမီဘေး လွတ်ကင်းမည့်နေရာသို့ အချိန်တိုအတွင်း ရောက်ရှိနိုင်မည့်လမ်းကြောင်းမှ သွားရောက်နိုင်ရေးကို ကြိုတင်လေ့ကျင့်ထားရပေမည်။ သို့မှသာ ကမ်းရိုးတန်းနေ ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များ ဆုံးရှုံးမှုကို လျော့ပါးစေနိုင်မည်ဖြစ်သည်။ ၂၀၀၉ခုနှစ် စက်တင်ဘာ ၃၀ရက်က တောင်ပစိဖိတ်သမုဒ္ဒရာရှိ ဆာမိုဝါကျွန်းအနီး၌ လှုပ်ခဲ့သော အင်အားရစ်ချ်တာစကေး ၈ ဒသမ ဝ ရှိ အင်အားအလွန်ပြင်းထန်သော မြေငလျင်ကြီးကြောင့် ဆူနာမီရေလှိုင်းများ ဖြစ်ပေါ် ဝင်ရောက်ရိုက်ခတ်သဖြင့် အဆိုပါဒေသတွင် လူပေါင်း ၁၀၀ကျော် သေဆုံးခဲ့ရသည်။

၂၀၀၄ ခုနှစ် ဒီဇင်ဘာလ ၂၆ရက်က ဖြစ်ပေါ်ခဲ့သော ဆူနာမီသည် (၅)ကြိမ်မြောက် နှစ်ပတ်လည် အချိန်နီးကပ်လာသည်နှင့်အမျှ အကြိမ်နည်းသော်လည်း အဖျက်အင်အားကြီးမားသော ဆူနာမီဘေးအန္တရာယ်အတွက် အဆင်သင့်ဖြစ်ရန် လိုအပ်လာသဖြင့် အိန္ဒိယသမုဒ္ဒရာ နိုင်ငံများတွင် tabletop လေ့ကျင့်ခန်းကို ၂၀၀၉ခုနှစ် စက်တင်ဘာလ ၁၄ရက်က ပြုလုပ်ခဲ့ကြပြီး ဆူနာမီသတိပေး လက်တွေ့လေ့ကျင့်ခန်း Functional Exercise ကို ကမ္ဘာ့ဘေးအန္တရာယ် လျော့ပါးရေးနေ့ဖြစ်သော ၂၀၀၉ခုနှစ် အောက်တိုဘာလ ၁၄ရက်က ပြုလုပ်ခဲ့ကြသည်။ အိန္ဒိယသမုဒ္ဒရာ ဆူနာမီ ကြိုတင်သတိပေး လက်တွေ့လေ့ကျင့်ခန်းကို အိန္ဒိယသမုဒ္ဒရာနှင့် ထိစပ်လျက်ရှိသောနိုင်ငံများတွင် ဆောင်ရွက်ရာ၌ အိန္ဒိယသမုဒ္ဒရာဆိုင်ရာနိုင်ငံများသို့ ဆူနာမီရေလှိုင်းကျရောက်သည့် သဏ္ဌာန်ပြုလုပ်ပြီး အမျိုးသား ဆူနာမီသတိပေးဗဟိုဌာနနှင့် အဖွဲ့ဝင်နိုင်ငံများရှိ အမျိုးသားသဘာဝဘေး စီမံခန့်ခွဲရေးအဖွဲ့အစည်းများမှ လုပ်ဆောင်ရမည့် စံထားလုပ်ငန်းအဆင့်ဆင့် Standard Operating Procedure-SOP ကို လက်တွေ့လေ့ကျင့် လုပ်ဆောင်ခဲ့ကြသည်။

အဆိုပါ လေ့ကျင့်ခန်းတွင် ၂၀၀၄ခုနှစ် ဒီဇင်ဘာလ ၂၆ရက်၌ အင်ဒိုနီးရှားနိုင်ငံ ကမ်းလွန်ပင်လယ်ပြင်ကိုဗဟိုပြု၍ လှုပ်ခဲ့သည့် အင်အား ရစ်ချ်တာစကေး ၉ ဒသမ၂ ရှိ မြေငလျင်အတိုင်း သဏ္ဌာန်တူပြုလုပ်၍ ဆူနာမီ သတိပေးချက်ကို ပစိဖိတ် ဆူနာမီသတိပေးဗဟိုဌာနနှင့် ဂျပန်မိုးလေဝသ အေဂျင်စီတို့မှ ထုတ်ပြန်သည်။ ပစိဖိတ် ဆူနာမီ သတိပေးဗဟိုဌာနနှင့် ဂျပန်မိုးလေဝသ အေဂျင်စီတို့မှ ဆူနာမီသတိပေးချက်များကို မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနရှိ အမျိုးသား ဆူနာမီသတိပေးဗဟိုဌာနသို့ Fax, GTS, e-mail များဖြင့်ပေးပို့ခဲ့ရာ အချို့သတိပေးချက်များကို အချိန်နှင့်တစ်ပြေးညီ လက်ခံရရှိခဲ့ပြီး အချို့သတိပေးချက်များကို ၆မိနစ် ၂၇စက္ကန့်အတွင်း လက်ခံရရှိခဲ့သည်။ မြန်မာနိုင်ငံ၌ ဆူနာမီကြိုတင်သတိပေး လက်တွေ့လေ့ကျင့်ခန်းကို ၂၀၀၉ခုနှစ် အောက်တိုဘာလ ၁၄ရက် နံနက်၇နာရီခွဲတွင်စတင်ပြုလုပ်ခဲ့သည်။

ဒေါက်တာသိန်းထွန်း(မိုး/ဇလ)

ဆူနာမီကြိုတင်သတိပေး လက်တွေ့လေ့ကျင့်ခန်းတွင် အိန္ဒိယသမုဒ္ဒရာ ဆူနာမီ သတိပေးစနစ် အဖွဲ့ဝင်နိုင်ငံများဖြစ်သည့် ဩစတြေးလျ၊ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ ကင်ညာ၊ မလေးရှား၊ မာဒါဂါးစကာ၊ မော်လဒိုက်၊ မောရစ်သျှ၊ မိုဇမ်ဘစ်၊ မြန်မာ၊ အိုမန်၊ ပါကစ္စတန်၊ ဆေးရှဲလ်၊ စင်ကာပူ၊ သီရိလင်္ကာ၊ တန်ဇန်းနီးယားနှင့် တီမောနိုင်ငံ စုစုပေါင်း (၁၈)နိုင်ငံမှ ပါဝင်ဆောင်ရွက်ခဲ့ကြသည်။ လက်တွေ့လေ့ကျင့်ခန်းတွင် နိုင်ငံအချို့သည် ဆူနာမီဘေးကျရောက်နိုင်သော ကမ်းရိုးတန်းနေ ပြည်သူများ ရွှေ့ပြောင်းမှု မပါဝင်ဘဲ ဆောင်ရွက်ခဲ့ကြပြီး နိုင်ငံအချို့သည် ရွှေ့ပြောင်းမှုပါဝင်သော လက်တွေ့လေ့ကျင့်ခန်းကို ဆောင်ရွက်ခဲ့ကြသည်။

မြန်မာနိုင်ငံအနေဖြင့် ဆူနာမီကြိုတင်သတိပေး လက်တွေ့လေ့ကျင့်ခန်းကို ပြည်နယ်နှင့်တိုင်းငါးခုမှ ဆူနာမီဖြစ်နိုင်ခြေအများဆုံးရှိသော တနင်္သာရီတိုင်း ကော့သောင်းမြို့နယ်ရှိ ပလုံးတုံးတုံးကျေးရွာ၊ မွန်ပြည်နယ် စက်စဲကျေးရွာရှိ ခမင်းဆိပ်ကျေးရွာ၊ ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့နယ်ရှိ လက်ခုတ်ကုန်းကျေးရွာ၊ ဧရာဝတီတိုင်း ပြင်စလူမြို့နယ်ရှိ လေယာဉ်ကွင်းကျေးရွာနှင့် ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ အနောက်စံပြရပ်ကွက်တို့တွင် ဆောင်ရွက်ခဲ့ကြသည်။

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနရှိ အမျိုးသား ဆူနာမီသတိပေးဗဟိုဌာနသည် ကနဦး ဆူနာမီသတိပေးချက် (ဆူနာမီလေ့ကျင့်ခန်း ထုတ်ပြန်ချက်-၁)ကို မြန်မာစံတော်ချိန် ၀၇း၅၅ နာရီတွင်ထုတ်ပြန်ပြီး ဆူနာမီသတိပေးပြင်ဆင်ချက် (ဆူနာမီလေ့ကျင့်ခန်း ထုတ်ပြန်ချက်-၂)ကို မြန်မာစံတော်ချိန် ၀၈း၃၀ နာရီတွင် ထုတ်ပြန်ခဲ့သည်။ ဆူနာမီဖြစ်ပေါ်မှု ပြီးစီးသွားသည့်အတွက် ဆူနာမီသတိပေးချက် ရုပ်သိမ်းကြောင်း ထုတ်ပြန်ချက် (ဆူနာမီလေ့ကျင့်ခန်း ထုတ်ပြန်ချက်-၃)ကို မြန်မာစံတော်ချိန် ၁၇း၄၅ နာရီတွင် ထုတ်ပြန်၍ လေ့ကျင့်ခန်းဆောင်ရွက်သည့်နေရာများသို့ အချိန်နှင့်တစ်ပြေးညီ ပေးပို့ခဲ့သည်။

တနင်္သာရီတိုင်း ကော့သောင်းမြို့နယ် ပလုံးတုံးတုံးကျေးရွာတွင် ဆူနာမီလက်တွေ့လေ့ကျင့်ခန်း သတိပေးထုတ်ပြန်ချက်ကို လက်ခံရရှိပြီးနောက် ဆူနာမီလှိုင်းသတိပေးချက်ကို ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက အချက်ပေးဥသြဆွဲ၍ သံချောင်းခေါက်ပြီး အသံချဲ့စက်များဖြင့် လှည့်လည်အသိပေးကြေညာခဲ့သည်။ ဆူနာမီရေလှိုင်း တက်ရောက်လာပါက ခိုလှုံရန်နေရာအဖြစ် ရန်ကြီးအောင်ဘုန်းကြီးကျောင်း၊ တွဲဖက်အခြေခံပညာအလယ်တန်းကျောင်းနှင့် ကျေးလက်ဆေးပေးခန်း၊ ဘုရားတောင်ကုန်း၊ ဘောလုံးကွင်း အရှေ့ဘက်တောင်ကုန်းနှင့် ရော်ဘာခြံတောင်ကုန်း စသည့်နေရာများအား ကြိုတင်ရွေးချယ်ထားပြီး ဒေသခံအချို့အား ပြောင်းရွှေ့စေခဲ့သည်။

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် စက်စဲကျေးရွာအုပ်စု ခမင်းဆိပ်ကျေးရွာတွင် ဆူနာမီလက်တွေ့လေ့ကျင့်ခန်း သတိပေးထုတ်ပြန်ချက်ကို လက်ခံရရှိသည်နှင့်တစ်ပြိုင်နက် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရာအိမ်မှူးများနှင့် လူမှုရေးအသင်းအဖွဲ့များက အသံချဲ့စက်ဖြင့် ကြေညာခြင်း၊ သတိပေးသံချောင်း/ကုလားတက်ခေါက်ခြင်း၊ အလံအရောင်ဖြင့် သတိပေးခြင်း၊ ရပ်ရွာအတွင်း တစ်ဦးချင်း သတိပေးခြင်းများကိုလည်း အလျင်အမြန်ဆောင်ရွက်ခဲ့သည်။ ဒေသခံအချို့လည်း သတ်မှတ်ထားသည့် ဘေးလွတ်ကင်းရာနေရာများသို့ ပြောင်းရွှေ့စေခဲ့သည်။

ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့နယ် လက်ခုတ်ကုန်းကျေးရွာတွင် ဆူနာမီလက်တွေ့လေ့ကျင့်ခန်း သတိပေးထုတ်ပြန်ချက်ကို လက်ခံရရှိပြီးနောက် လက်ခုတ်ကုန်းကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကျေးရွာပြည်သူများထံသို့ သံချောင်းခေါက်ခြင်း၊ လက်ကိုင်စပီကာ အသုံးပြုခြင်း၊ အလံဖြူပြခြင်း စသည်တို့ဖြင့် အသိပေးခဲ့သည်။

ဧရာဝတီတိုင်း ပြင်စလူမြို့နယ် လေယာဉ်ကွင်းကျေးရွာတွင် ဆူနာမီလက်တွေ့လေ့ကျင့်ခန်း သတိပေးထုတ်ပြန်ချက်ကို လက်ခံရရှိသည်နှင့်တစ်ပြိုင်နက် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးက ဆူနာမီရေလှိုင်းသတိပေးချက်ကို အသံချဲ့စက်ဖြင့် ကြေညာခဲ့သည်။ ဆူနာမီရေလှိုင်း တက်ရောက်လာပါက ခိုလှုံရန်နေရာအဖြစ် ဘုန်းတော်ကြီးကျောင်း၊ မူလွန်စာသင်ကျောင်းနှင့် မက်(စ်)တောင်ကုန်း(ပြင်စလူ)စသည့် နေရာများအား သတ်မှတ်ပေးထားခဲ့သည်။

ရခိုင်ပြည်နယ် စစ်တွေမြို့ အနောက်စံပြရပ်ကွက်တွင် ဆူနာမီလက်တွေ့လေ့ကျင့်ခန်း သတိပေးထုတ်ပြန်ချက်ကို လက်ခံရရှိပြီးနောက် ရပ်ကွက်အတွင်းရှိ ပြည်သူများထံသို့ အသံချဲ့စက်ဖြင့် လှည့်လည် သတိပေးခဲ့သည်။

ဆူနာမီကြိုတင်သတိပေး လက်တွေ့လေ့ကျင့်ခန်းသည် မိမိနိုင်ငံကမ်းခြေဒေသသို့ ဆူနာမီလှိုင်းများ ဝင်ရောက်မလာမီ ဒေသခံပြည်သူများအား အသိပေး၍ ဘေးလွတ်ကင်းရာသို့ အချိန်မီရွှေ့ပြောင်းရောက်ရှိစေရေးကို သက်ဆိုင်ရာအဖွဲ့အစည်းများမှ စနစ်တကျဖြင့် အမြန်ဆုံးဆောင်ရွက်နိုင်စေရေးကို အဓိကထား၍ လေ့ကျင့်ဆောင်ရွက်ခြင်းဖြစ်သည်။ ၂၀၀၉ခုနှစ် အောက်တိုဘာလ ၁၄ရက်တွင် ဆူနာမီလက်တွေ့လေ့ကျင့်ခန်းကို ဆောင်ရွက်ခဲ့သော ပြည်နယ်/တိုင်း ငါးခုရှိ တိုင်းစစ်ဌာနချုပ်များမှပြန်လည်ပေးပို့သည့် ဆူနာမီလေ့ကျင့်ခန်း အကဲဖြတ်ပုံစံများကိုဆန်းစစ်ရာ ဆူနာမီဖြစ်ရပ်တစ်ခုအတွက် ပြည်သူများအား လိုအပ်သည့်သတိပေးချက်နှင့် တုံ့ပြန်ဆောင်ရွက်မှုများ၊ စီမံချက်များ ရေးဆွဲရာတွင် ပိုမိုတိုးတက်ကောင်းမွန်စေရန် အထောက်အကူပြုကြောင်း တွေ့ရပြီး ပြည်သူများအား အချက်ပေးဥသြသံ၊ အသံချဲ့စက်များ၊ အလံများ၊ သံချောင်းခေါက်အချက်ပေးခြင်းတို့ဖြင့် သတိပေးလမ်းညွှန်ချက်များပြုလုပ်၍ တစ်အိမ်တက်၊ တစ်အိမ်ဆင်း(door to door) သတင်းပို့စနစ်ကိုလည်း ဆောင်ရွက်နိုင်ခဲ့ကြောင်း တွေ့ရှိရသည်။

၂၀၀၉ခုနှစ် အောက်တိုဘာလ ၁၄ရက်တွင် ကျင်းပသည့် အိန္ဒိယသမုဒ္ဒရာ ဆူနာမီ ကြိုတင်သတိပေး လက်တွေ့လေ့ကျင့်ခန်း (10 Wave 09) Functional Exercise ကို အောင်မြင်စွာပြုလုပ်နိုင်ခဲ့သဖြင့် မြန်မာနိုင်ငံရှိ အမျိုးသားဆူနာမီကြိုတင်သတိပေးဗဟိုဌာန၏ လုပ်ငန်းစဉ်များ အချိန်နှင့်တစ်ပြေးညီဆောင်ရွက်နိုင်မှု၊ အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေးကော်မတီနှင့် စီမံခန့်ခွဲမှုကော်မတီတို့က ကြီးကြပ်ဆောင်ရွက်ပေးမှု၊ ဆူနာမီသတိပေးထုတ်ပြန်ချက်များကို ချက်ချင်းပေးပို့ရောက်ရှိနိုင်မှု၊ ဆူနာမီဘေး ကျရောက်နိုင်သည့် ကမ်းရိုးတန်းဒေသများတွင် ဆူနာမီဘေးအန္တရာယ် ကြိုတင်ပြင်ဆင်မှုအတွက် ရေးဆွဲထားသော လုပ်ငန်းစဉ်များ လက်တွေ့ဆောင်ရွက်နိုင်မှုတို့ကို စမ်းသပ်လေ့ကျင့်နိုင်ခဲ့သဖြင့် နိုင်ငံတော်နှင့် ပြည်သူများအတွက် အကျိုးကျေးဇူးများစွာ ဖြစ်ထွန်းနိုင်ခဲ့ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

အောက်တိုဘာလအတွင်း မီးလောင်မှု (၃၆)ကြိမ်ဖြစ်ပွားခဲ့

ရန်ကုန် နိုဝင်ဘာ ၁၂

အောက်တိုဘာလအတွင်း နိုင်ငံတစ်ဝန်းတွင် မီးလောင်မှု (၃၆)ကြိမ် ဖြစ်ပွားခဲ့ပြီး မီးဖိုမီး၊ ပေါ့ဆမီး (၁၈)ကြိမ်၊ လျှပ်စစ်မီး (၁၅)ကြိမ်၊ အလိုအလျောက်မီး တစ်ကြိမ်၊ မိုးကြိုးပစ် တစ်ကြိမ်၊ မသမာသူရှို့မီးတစ်ကြိမ် ပါဝင်ကြောင်း၊ အိမ်ခြေအဆောက်အအုံ ၁၀လုံး မီးလောင်ခံရပြီး မီးဘေးဒုက္ခသည် ၃၂ဦး အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရကြောင်း၊ မီးလောင်မှုအကြိမ်အနေဖြင့် မန္တလေးတိုင်း၌ အများဆုံး၊ ရန်ကုန်တိုင်း၌ ဒုတိယအများဆုံးနှင့် စစ်ကိုင်းတိုင်းနှင့် ရှမ်းပြည်နယ်တို့၌ တတိယအများဆုံး ဖြစ်ပွားခဲ့ကြောင်း သိရှိရသည်။

မီးလောင်ဆုံးရှုံးမှု တန်ဖိုးအနေဖြင့် ကရင်ပြည်နယ်၌ ဆုံးရှုံးမှုအများဆုံး၊ ရန်ကုန်တိုင်း၌ ဒုတိယဆုံးရှုံးမှုအများဆုံးနှင့် ကချင်ပြည်နယ်၌ တတိယဆုံးရှုံးမှုအများဆုံး ဆုံးရှုံးခဲ့ပြီး မီးလောင်မှုအကြိမ်အများဆုံးဖြစ်ပွားခဲ့သည့် မန္တလေးတိုင်း၌ မီးလောင်မှု (၁၃)ကြိမ်အနက် ခုနစ်ကြိမ်မှာ မီးဖိုမီး အပါအဝင် ပေါ့ဆမှုကြောင့် လောင်ကျွမ်းရသော မီးများ ဖြစ်သည်။

မီးလောင်မှုဖြစ်ပွား

မီးသတ်ဦးစီးဌာနအနေဖြင့် မီးဘေးအန္တရာယ်ကို ပြည်သူများ သိရှိလိုက်နာဆောင်ရွက်ရေးအတွက် မီးသတိမူရေးနှင့် မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ သက်ဆိုင်ရာဦးစီးဌာနများနှင့် ညှိနှိုင်းလုပ်ဆောင်ခြင်း၊ ဈေးများ၊ အထပ်မြင့်အဆောက်အအုံများ၊ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် စည်ပင်သာယာရေးအဖွဲ့ထံ အမြဲတစေ အကြံပြုတိုက်တွန်းခြင်း၊ ရေဒီယို၊ ရုပ်မြင်သံကြား၊ သတင်းစာ၊ ဂျာနယ်တို့မှ အသိပညာပေးခြင်း၊ မြို့နယ်/ရပ်ကွက်၊ ကျေးရွာများတွင် မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်း၊ လက်တွေ့သရုပ်ပြခြင်း၊ တစ်အိမ်တက်ဆင်း မီးသုံးစွဲမှုများ စစ်ဆေးခြင်းများ ဆောင်ရွက်နေကြသော်လည်း လိုက်နာမှုအားနည်းခြင်းကြောင့် မီးလောင်မှုဖြစ်ပွားနေကြောင်း သိရသည်။

ယခုအခါ ကျေးရွာများတွင်လည်း မီးလောင်မှု လျော့နည်းစေရေးအတွက် မီးသတိမူရေး၊ မီးဘေးကြိုတင်ကာကွယ်ရေး လုပ်ငန်းများကိုကျေးရွာအရောက် ကျယ်ကျယ်ပြန့်ပြန့် အရှိန်အဟုန်မြှင့် အလေးထားဆောင်ရွက်လျက်ရှိသည်။ ပွင့်လင်းရာသီသို့ ရောက်ရှိနေပြီဖြစ်ပါသဖြင့် မီးလောင်မှုများ ပိုမိုများပြားလာနိုင်သည့်အတွက် မီးဘေးလုံခြုံရေးစီမံချက်ပါအတိုင်း လုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားကြရန် တိုက်တွန်းနှိုးဆော်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဟောပြောပွဲ ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၁၂

သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းက ကြီးမှူး၍ Oracle Corporation, Development ၏ Vice-President Raiful Ahad သည် မြန်မာနိုင်ငံသို့ အလည်အပတ်ရောက်ရှိစဉ် မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း၏ ဖိတ်ကြားမှုဖြင့် ကမ္ဘာကျော် Software ကုမ္ပဏီကြီး တစ်ခုဖြစ်သော Oracle Corporation ၏ ကောင်းမွန်သော Software Development အတွေ့အကြုံကောင်းများ၊ အလေ့အကျင့်ကောင်းများကို "Good Practices in Software Development" ခေါင်းစဉ်ဖြင့် နိုဝင်ဘာ ၁၃ရက် **(ယနေ့)** (သောကြာနေ့) မွန်းလွဲ ၂နာရီမှ ညနေ ၅နာရီအထိ ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ မြန်မာအင်ဖိုတက်ခ် အခန်း ၂၀၅၌ ဟောပြောမည်ဖြစ်သည်။ ယင်းဟောပြောပွဲသို့ Software Development လုပ်ငန်းများကို လက်ရှိဆောင်ရွက်နေသူများ မဖြစ်မနေတက်ရောက်သင့်ပြီး Software Engineer ဖြစ်ရန် ကြိုးစားနေသော ကျောင်းသားလူငယ်များ၊ ကွန်ပျူတာပညာရှင် အသင်းဝင်များနှင့် စိတ်ပါဝင်စားသူမည်သူမဆို အခမဲ့တက်ရောက်နိုင်ကြပြီး အသေးစိတ် သိရှိလိုပါက မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းရုံးခန်း အဆောင် (၄) အခန်း(၄) ဖုန်း-၆၅၂၂၇၆သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်နယ်/တိုင်း အခြေခံပညာအဆင့် အမျိုးသား၊ အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲ ဆက်လက်ယှဉ်ပြိုင်

ရန်ကုန် နိုဝင်ဘာ ၁၂

ပညာရေးဝန်ကြီးဌာနနှင့် အားကစားဝန်ကြီးဌာနတို့၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်ကကြီးမှူး၍ ပထမအကြိမ် အခြေခံပညာအဆင့် ပြည်နယ်နှင့်တိုင်း အသက်(၁၆)နှစ်နှင့်အောက် အမျိုးသား၊ အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲ၏ ဒုတိယအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲကို ယနေ့နံနက် ၈နာရီက ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မိုးလုံလေလုံ အားကစားပြိုင်ပွဲရုံ၌ ဆက်လက်ကျင်းပရာ **(ယာအောက်ပုံ)** ပြိုင်ပွဲကျင်းပရေးကော်မတီ ဥက္ကဋ္ဌ အမှတ်(၃) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးကြူနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်မှ အမှုဆောင်များနှင့် ဘတ်စကက်ဘော အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းက စစ်ကိုင်းတိုင်းကို ၆၁မှတ်၊ ၅၅မှတ်ဖြင့် အနိုင်ရရှိပြီး ရှမ်းပြည်နယ်(မြောက်ပိုင်း)က မန္တလေးတိုင်းကို ၈၀မှတ်၊ ၆၃မှတ်ဖြင့် အနိုင်ရရှိသွားကြသည်။ အမျိုးသမီးပြိုင်ပွဲတွင် မန္တလေးတိုင်းက ရန်ကုန်တိုင်းကို ၆၂မှတ်၊ ၃၃မှတ်ဖြင့် အနိုင်ရရှိပြီး စစ်ကိုင်းတိုင်းက ရှမ်းပြည်နယ်(တောင်ပိုင်း)ကို ၄၅မှတ်၊ ၂၈မှတ်ဖြင့် အနိုင်ရရှိသွားကြသည်။

ယှဉ်ပြိုင်ကစားမည်

ပြိုင်ပွဲကို နိုဝင်ဘာ ၁၃ရက် နံနက် ၈နာရီတွင် ယင်းအားကစားပြိုင်ပွဲရုံ၌ပင် ဆက်လက်ကျင်းပမည်ဖြစ်ရာ အမျိုးသားပြိုင်ပွဲ၌ စစ်ကိုင်းတိုင်းနှင့် ကချင်ပြည်နယ်တို့သည်လည်းကောင်း၊ အမျိုးသမီးပြိုင်ပွဲ၌ မန္တလေးတိုင်းနှင့် ကချင်ပြည်နယ်တို့သည်လည်းကောင်း၊ အမျိုးသားပြိုင်ပွဲတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ဧရာဝတီတိုင်းတို့သည်လည်းကောင်း၊ အမျိုးသမီး ပြိုင်ပွဲတွင် ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ဧရာဝတီတိုင်းတို့သည်လည်းကောင်း အသီးသီး ယှဉ်ပြိုင်ကစားကြမည် ဖြစ်သည်။

(သတင်းစဉ်)

ဖာဂူဆန် မန်ယူနှင့် ပရီမီယာလိဂ်ဖလား

မောင်မောင်မြင့်ဆွေရေးသား၍ ဇင်မင်းသန့်(မြန်မာ့အလင်း) စာမျက်နှာဖွဲ့စည်းသည်

လန်ဒန် နိုဝင်ဘာ ၁၂

ပရီမီယာလိဂ်ပွဲစဉ်(၁၂)မှာ ချယ်လ်ဆီးကို တစ်ဂိုး-ဂိုးမရှိနဲ့ ရှုံးပွဲကြုံခဲ့တဲ့မန်ယူဟာ တန်းစီဇယားတတိယနေရာကိုဆင်းပေးခဲ့ရပါတယ်။ ဒါ့အပြင် အဲဒီပွဲမှာကွင်းလယ်ဒိုင်လူကြီးမာတင်ကို ဝေဖန်ပြစ်တင်ပြောကြားခဲ့တဲ့ ဖာဂူဆန်လည်း အက်ဖ်အေရဲ့ အပြစ်ပေးမှုကို ခံယူရမယ့် အခြေအနေမှာ ရှိနေပါတယ်။

မေးမြန်း

ဒီလိုအနေအထားမှာ မန်ယူရဲ့ လေ့ကျင့်ကွင်းမှာ သတင်းထောက်တွေက ဖာဂူဆန်ကို တွေ့ဆုံမေးမြန်းတဲ့အခါ ''ပရီမီယာလိဂ်ရဲ့ ကွင်းလယ်ဒိုင်လူကြီးတွေ အရည်အချင်းကို ပြန်လည်သုံးသပ်သင့်ပြီလို့ ထင်ပါတယ်။ ဒိုင်လူကြီးရဲ့ ဆုံးဖြတ်ချက်တစ်ရပ်ဟာ ဘယ်လောက်အရေးကြီးလဲဆိုတာ ကိုယ်တိုင်ခံစားရတဲ့ ကျွန်တော်တို့လိုလူတွေက ပိုပြီးသိရှိထားပါတယ်။ သံသယဖြစ်တဲ့ ဆုံးဖြတ်ချက်မျိုးတွေကို အလျင်အမြန်မချမှတ်ဖို့နဲ့ မှန်ကန်တဲ့ဆုံးဖြတ်ချက်ကို စည်းကြပ်ဒိုင်တွေရဲ့ အကြံပေးမှုပါ နားထောင်ပြီး လုပ်ဆောင်ဖို့လိုပါတယ်'' လို့ ထုတ်ဖော်ပြောကြားခဲ့ပါတယ်။

ဖော်ပြ

ဖာဂူဆန်ဟာ ရှုံးပွဲကြုံတဲ့ပွဲစဉ်တွေရဲ့ ၇၀ရာခိုင်နှုန်းကို ကွင်းလယ်ဒိုင်လူကြီးတွေအပေါ် ဝေဖန်ပြစ်တင်တဲ့ စကားမျိုးတွေ ဆိုတတ်လေ့ရှိတယ်လို့ ဖာဂူဆန်နဲ့ မန်ယူပွဲစဉ်တွေကို ဆန်းစစ်နေတဲ့ အားကစားသုတေသန ''သည်ဆက်'' အဖွဲ့က ဖော်ပြထားပါတယ်။

ဖြစ်နိုင်မှု

ဒါ့အပြင် မန်ယူအသင်းရဲ့ လက်ရှိအနေအထားအရ ပရီမီယာလိဂ်ချန်ပီယံ ဆက်လက်ရယူနိုင်မှုရှိမရှိဆိုတဲ့ သတင်းထောက်တွေရဲ့ အမေးကိုလည်း ''ဒီအချိန်မှာ ပြောဖို့ အချိန်စောနေပါသေးတယ်။ အခုအချိန်မှာ ပရီမီယာလိဂ်ထိပ်တန်းအသင်းတွေတိုင်း ချန်ပီယံဖြစ်နိုင်တဲ့ အခွင့်အရေးတွေ ရှိနေဆဲဖြစ်ပါတယ်။ လက်ရှိခြေစွမ်းအရ ကျွန်တော့်အသင်းအတွက် ယုံကြည်ချက်ခိုင်မာနေဆဲပါပဲ။ သံသယစိတ်လုံးဝမရှိပါဘူး။ ဒါပေမယ့် ကျွန်တော်ဟာကစားသမားရော နည်းစနစ်ပါ ပြောင်းလဲမှုအချို့ ပြုလုပ်ရပါဦးမယ်။ လက်ရှိခြေစွမ်းပိုင်းက ကျေနပ်စရာတော့



မဟုတ်ဘူးဆိုတာ ဝန်ခံပါတယ်''လို့ ဖာဂူဆန်က ပွင့်လင်းစွာ ပြောကြားပါတယ်။

ဂိုးသွင်းစွမ်းရည်

မန်ယူအသင်းဟာ ပရီမီယာလိဂ်ပွဲစဉ် ၁၂ပွဲကစားပြီးချိန်မှာ အိမ်ကွင်းမှာသွင်းဂိုး ၁၃ဂိုး၊ အဝေးကွင်းမှာ သွင်းဂိုး ၁၀ဂိုးရှိနေပြီး ချယ်လ်ဆီး၊ အာဆင်နယ်တို့ထက်တော့ ဂိုးသွင်းစွမ်းရည်နည်းနေတာတော့ အမှန်ပါပဲ။ ချယ်လ်ဆီးဟာ အိမ်ကွင်းမှာ ၁၆ဂိုး အဝေးကွင်းမှာ ၁၃ဂိုးသွင်းယူထားပြီး တန်းစီဇယား ဒုတိယနေရာမှာ ရှိနေတဲ့ အာဆင်နယ်ကတော့ တစ်ပွဲလျော့ ၁၁ပွဲကစားပြီးချိန်မှာ အိမ်ကွင်းမှာ ဂိုးပေါင်း ၂၀နဲ့ အဝေးကွင်းမှာ ၁၆ဂိုးသွင်းယူ ထားနိုင်လို့ စုစုပေါင်း ၃၆ဂိုး သွင်းယူထားနိုင်ပါတယ်။

အားနည်း

မန်ယူရဲ့ လက်ရှိတိုက်စစ်မှူးတွေ့ရဲ့ ဂိုးသွင်းစွမ်းရည်နဲ့ပတ်သက်ပြီး ဖာဂူဆန်က ''မနှစ်ကထက် ဂိုးသွင်းအားနည်းမယ်ဆိုတာ ရာသီမတိုင်ခင်ကတည်းက ကြိုတင် တွက်ဆထားပြီးသားပါ။ ဒါပေမယ့် ဂိုးသွင်းအားထက် ပွဲတိုင်းရလဒ်ကောင်းဖို့ အရေးကြီးပါတယ်။ ကစားသမားတွေစုစည်းမှုရှိဖို့၊ နားလည်မှုရှိပြီး အပေးအယူမျှဖို့နဲ့ စိတ်ဓာတ်ကောင်းမွန်တဲ့အပြင် အနိုင်ရလိုစိတ်ပြင်းပြနေဖို့ လိုအပ်ပါတယ်။ ဒီလိုစိတ်ဓာတ်မျိုးတွေ မန်ယူကစားသမားတွေမှာ ရှိနေပါတယ်''လို့ ဖာဂူဆန်က ပြောကြားသည်။

ရလဒ်

ဒီနှစ်ဘောလုံးရာသီမှာ မန်ယူရဲ့ထူးခြားတဲ့ရလဒ်တွေကိုကြည့်ရင် အဝေးကွင်းမှာ ဝီဂန်ကို ငါးဂိုးပြတ်အနိုင်ရခဲ့တဲ့ပွဲဖြစ်သလို ဆိုးရွားတဲ့ ပွဲစဉ်တွေကတော့ လီဗာပူးကို အဝေးကွင်းမှာ နှစ်ဂိုးပြတ်ရှုံးတဲ့ပွဲနဲ့ ချယ်လ်ဆီးကို တစ်ဂိုး-ဂိုးမရှိနဲ့ ရှုံးတဲ့ပွဲတွေဖြစ်ပါတယ်။

ဒါကြောင့် ဒီနှစ်ဘောလုံးရာသီမှာ ပရီမီယာဂိလ်ရဲ့ ချန်ပီယံဖြစ်ဖို့ယုံကြည်နေတဲ့ ဖာဂူဆန်ရဲ့ စွမ်းဆောင်မှုကိုပဲ စောင့်မျှော်ကြည့်ရှုရတော့မှာပဲ ဖြစ်ပါကြောင်း။ ။

ကိုးကား-အင်တာနက်

ချယ်လ်ဆီးနောက်တန်းလူ ဘော့စင်ဝါ သုံးလခန့်အနားယူရဖွယ်ရှိ

လန်ဒန် နိုဝင်ဘာ ၁၂

ချယ်လ်ဆီးနောက်တန်းကစားသမား ဘော့စင်ဝါသည် ဝဲဘက်ဒူးဆစ် ခွဲစိတ်ကုသခံရမည်ဖြစ်၍ သုံးလခန့် အနားယူရမည်ဖြစ်ကြောင်း ၎င်းကလပ်ကပြောကြားသည်။

အသက် ၂၇နှစ်ရှိ ဘော့စင်ဝါသည် ယင်းဒဏ်ရာကြောင့် အောက်တိုဘာလ လယ်ကတည်းက အရန်ခုံတွင်သာနေခဲ့ရသည်။ ယင်းဒဏ်ရာကြောင့် လာမည့်နှစ်သစ်ကူးသည့်တိုင်အောင် အနားယူရမည်ဖြစ်သည်။

ကစားပေးခဲ့

ပေါ်တိုညာနောက်တန်းကစားသမားဟောင်း ဘော့စင်ဝါအား ချယ်လ်ဆီးက ၂၀၀၈ ခုနှစ် မေလက ပေါင် ၁၆ဒသမ ၂သန်းဖြင့် ခေါ်ယူကာ သုံးနှစ်စာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။ ပေါ်တူဂီကစားသမား ဘော့စင်ဝါသည် ယခုနှစ် ဘောလုံးရာသီတွင် ရှစ်ပွဲ ပါဝင်ကစားပေးခဲ့ပြီးဖြစ်သည်။ အောက်တိုဘာ ၁၇ရက်က ဗီလာနှင့်ပွဲတွင် နောက်ဆုံးပါဝင်ကစားခဲ့သည်။

(အင်တာနက်)

တိုက်စစ်မှူး ပါဗလူချင်ကို စပါးမှထွက်ခွာလိုဟုဆို

လန်ဒန် နိုဝင်ဘာ ၁၂

စပါးတိုက်စစ်မှူး ပါဗလူချင်ကိုသည် အသင်းမှထွက်ခွာရန် နည်းပြရက်နက်နှင့် ညှိနှိုင်းဆွေးနွေးလျက်ရှိသည်။

ကစားလို

အသက် ၂၇နှစ်ရှိ တိုက်စစ်မှူးပါဗလူချင်ကိုသည် စပါးတပ်စ်မော်စကိုအသင်းမှ စပါးအသင်းသို့ ၂၀၀၈ခုနှစ် ဩဂုတ်လက ပေါင် ၁၄သန်းဖြင့် ပြောင်းရွှေ့လာခြင်းဖြစ်သည်။ မိမိအနေဖြင့် စပါးတွင်ကစားရသည်မှာ မပျော်ပိုက်ကြောင်း၊ အသင်းမှထွက်ခွာပြီး ရုရှားကလပ်တစ်ခုတွင် ကစားလိုကြောင်း ပါဗလူချင်ကိုက ပြောကြားသည်။ တိုက်စစ်မှူး ပါဗလူချင်ကိုသည် ယခုနှစ်ဘောလုံးရာသီတွင် စပါးအသင်းအတွက် ခြောက်ပွဲ ပါဝင်ကစားပေးပြီးဖြစ်သည်။

(အင်တာနက်)

ဖာဒီနန်၏ဒဏ်ရာ သံသယဖြစ်မိ ညီဖြစ်သူအန်တန်ဖာဒီနန်ပြောကြား

လန်ဒန် နိုဝင်ဘာ ၁၂

မန်ယူခံစစ်မှူးရီယိုဖာဒီနန်၏ ဒဏ်ရာရထားမှုမှာ သံသယဖြစ်မိကြောင်း၊ သက်သာ ပျောက်ကင်းမှု မရှိသေးကြောင်း ညီဖြစ်သူ ဆန်းဒါးလန်းနောက်တန်း ကစားသမားအန်တန်ဖာဒီနန်က ပြောကြားသည်။

ရီယိုဖာဒီနန်သည် ခြေသလုံးကြွက်သားထိခိုက်ဒဏ်ရာ ရရှိထားသည်။ ယင်းဒဏ်ရာမှာ တိုးတက်ကောင်းမွန်လာသည့် အခြေအနေမရှိသေးဟုဆိုသည်။

လွဲချော်ခဲ့

အသက် ၃၁နှစ်ရှိ ရီယိုဖာဒီနန်သည် ၂၀၀၂ခုနှစ်က လိဒ်ယူနိုက်တက်အသင်းမှ

မန်ယူသို့ပြောင်းရွှေ့လာပြီးနောက် မန်ယူ၏ အဓိက ကစားသမားတစ်ဦးဖြစ်လာသည်။ ဖာဒီနန်သည် ယင်းဒဏ်ရာကြောင့် မန်ယူ၏ ပရီမီယာလိဂ်ပြိုင်ပွဲများ ယှဉ်ပြိုင်ကစားခဲ့ရာတွင် ပွဲဦးတစ်လလုံးကို လွဲချော်ခဲ့ရသည်။

(အင်တာနက်)

ဩစတြေးလျ မာစတာဂေါက်သီးရိုက်ပြိုင်ပွဲ တိုက်ဂါးဝုဒ် ဦးဆောင်ယှဉ်ပြိုင်နေ

မဲလ်ဘုန်း နိုဝင်ဘာ ၁၂

ဩစတြေးလျ မာစတာဂေါက်သီးရိုက်ပြိုင်ပွဲကို မဲလ်ဘုန်းမြို့၌ ယှဉ်ပြိုင်ကစားလျက်ရှိရာ ကမ္ဘာ့နံပါတ်တစ် တိုက်ဂါးဝုဒ်သည် ပထမနေ့တွင် ရိုက်ချက် ၆၆ ချက်ရိုက်ကာ အခြားပြိုင်ဘက်နှစ်ဦးနှင့် အတူ ဦးဆောင်လျက်ရှိသည်။

တိုက်ဂါးဝုဒ်သည် တောင်အာဖရိကဂေါက်သီးကစားသမား ဘရန်ဒန်ဂရေ့ဖ်နှင့် ဩစတြေးလျ ဂေါက်သီးကစားသမား ဂျိမ်းစ်တို့နှင့်အတူ ဦးဆောင်နေခြင်းဖြစ်သည်။ အဆိုပါပြိုင်ပွဲ၏ လက်ရှိချန်ပီယံ ပမ်းပလင်းသည် အဖွင့်နေ့တွင် နှစ်ချက်သာ လျှော့ရိုက်နိုင်ခဲ့ကြောင်း သိရသည်။

(အင်တာနက်)



မြင့်မောင်စိုးစုစည်းသည်

တိုက်စစ်မှူးရော်ဘင်ဟို မန်စီးတီးတွင် ပြန်လည်ကစားနိုင်တော့မည်

လန်ဒန် နိုဝင်ဘာ ၁၂

ဘရာဇီးတိုက်စစ်မှူးရော်ဘင်ဟိုသည် နိုဝင်ဘာ ၂၁ရက်တွင် လီဗာပူးနှင့် ကစားမည့်ပွဲအတွက် ပြန်လည်ကစားနိုင်တော့မည်ဖြစ်ကြောင်း မန်စီးတီးနည်းပြ မာ့ဟုချ်က ပြောကြားသည်။ ရီးရဲမက်ဒရစ် တိုက်စစ်မှူးဟောင်းဖြစ်ခဲ့သည့် ရော်ဘင်ဟိုသည် စက်တင်ဘာ လကတည်းက ဘရာဇီးအသင်းတွင် ပါဝင်ကစားပေးစဉ် ခြေမျက်စိ၌ထိခိုက်ဒဏ်ရာရခဲ့ခြင်းဖြစ်သည်။

(အင်တာနက်)

အားကစားသတင်းအတိုအထွာ

အာကာဟိန်းစုစည်းသည်

အဒမ်ဂျွန်ဆင်နှင့် ဖီဂွီရိုလာတို့အား ဆန်းဒါးလန်းခေါ်ယူမည်

မစ်ဒယ်ဘရော့ ကွင်းလယ်ကစားသမား အဒမ်ဂျွန်ဆင်နှင့် ဝီဂန်နောက်ခံလူ ဖီဂွီရိုလာတို့အား ပြောင်းရွှေ့ကြေးပေါင် ၁၂သန်းစီပေး၍ ခေါ်ယူမည်ဖြစ်ကြောင်း ဆန်းဒါးလန်းနည်းပြ စတိဗ်ဘရုစ်က နိုဝင်ဘာ ၁၂ရက်၌ ပြောကြားသည်။

ကမ္ဘာ့ရေကူးပြိုင်ပွဲ ဆွီဒင်ရေကူးမယ်ဗိုလ်စွဲ

စတော့ဟုမ်းမြို့တွင် ကျင်းပလျက် ရှိသော ကမ္ဘာ့ရေကူးပြိုင်ပွဲ အမျိုးသမီး မီတာ ၅၀လိပ်ပြာကူးပြိုင်ပွဲကို နိုဝင်ဘာ ၁၂ရက်၌ ဆက်လက်ကျင်းပရာ ဆွီဒင်ရေကူးမယ် အယ်ရှာမာက ၂၄ဒသမ ၄၆စက္ကန့်ဖြင့် ရွှေတံဆိပ်ဆွတ်ခူးခဲ့သည်။

အာရှပြေးခုန်ပစ်ပြိုင်ပွဲ မီတာ၁၀၀ အပြေးပြိုင်ပွဲ တရုတ်အပြေးသမားကျန်ပီမင် ရွှေတံဆိပ်ဆွတ်ခူး

အာရှပြေးခုန်ပစ်ချန်ပီယံ ပြိုင်ပွဲကို တရုတ်နိုင်ငံကွမ်ကျိုးမြို့၌ နိုဝင်ဘာ ၁၂ရက်က ဆက်လက်ကျင်းပရာ အမျိုးသား မီတာ၁၀၀ အပြေးပြိုင်ပွဲ၌ တရုတ်အပြေးသမား ကျန်ပီမင်က ၁၀ဒသမ ၂၈စက္ကန့်ဖြင့် ရွှေတံဆိပ်ဆွတ်ခူးသွားသည်။

ရီးရဲမက်ဒရစ်ကစားသမားများ နှစ်ဆကြိုးစားရမည် အသင်းခေါင်းဆောင် ရာအူးလ်ပြောကြား

ရီးရဲမက်ဒရစ် အသင်းခေါင်းဆောင် ရာအူးလ်က မိမိတို့ကစားသမားများသည် ယခုထက် နှစ်ဆပိုမိုကြိုးစားမှသာ အခြေအနေကောင်းနိုင်ပြီး လာလီဂါဖလားကို မျှော်မှန်းနိုင်မည်ဖြစ်ကြောင်း နိုဝင်ဘာ ၁၂ရက်တွင် ပြောကြားသည်။

ဝက်စ်ဟမ်းတိုက်စစ်မှူး ချာတန်ကိုးလ်အား လီဗာပူးခေါ်မည်

ဝက်စ်ဟမ်းတိုက်စစ်မှူး ချာတန်ကိုးလ်အား လာမည့်ဇန်နဝါရီ အပြောင်းအရွှေ့ကာလအတွင်း ပြောင်းရွှေ့ကြေး ပေါင်သန်း ၂၀ပေး၍ ခေါ်ယူရန်ဆွေးနွေး နေကြောင်း လီဗာပူးကလပ်က နိုဝင်ဘာ ၁၂ရက်၌ သတင်းထုတ်ပြန်သည်။

ပါဗလူချင်ကိုအား လီဗာပူးခေါ်ယူမည်

စပါးတိုက်စစ်မှူး ပါဗလူချင်ကိုအား လာမည့်ဇန်နဝါရီလ အပြောင်းအရွှေ့ကာလတွင် အငှားခေါ်ယူ စာချုပ်မည်ဖြစ်ကြောင်း ဘင်နီတက်ဇ်က နိုဝင်ဘာ ၁၂ရက်၌ ထုတ်ဖော် ပြောကြားလိုက်သည်။

အာရှပြေးခုန်ပစ်ချန်ပီယံပြိုင်ပွဲ အမျိုးသားလမ်းလျှောက်ပွဲစဉ်၌ တရုတ်ဗိုလ်စွဲ

တရုတ်နိုင်ငံတွင် ကျင်းပလျက်ရှိသော အာရှပြေးခုန်ပစ်ချန်ပီယံပြိုင်ပွဲ၌ တရုတ် လမ်းလျှောက်အားကစားသမား လီကျန်ဘိုက အမျိုးသား ကီလိုမီတာ၂၀ လမ်းလျှောက်ပြိုင်ပွဲ၌ ၁နာရီ ၂၂မိနစ် ၅၅စက္ကန့်ဖြင့် ဗိုလ်စွဲခဲ့ကြောင်း နိုဝင်ဘာ ၁၂ရက်၌ သတင်း ထုတ်ပြန်သည်။

ဆိုးလ်ကမ်းဘဲလ် နယူးကာဆယ်သို့ပြောင်းကစားမည်

အင်္ဂလန်အသင်း နောက်ခံကစားသမားဟောင်း ဆိုးလ်ကမ်းဘဲလ်သည် လာမည့် ဇန်နဝါရီ အပြောင်းအရွှေ့တွင် နယူးကာဆယ်သို့ ပြောင်းကစားမည်ဖြစ်ကြောင်း နိုဝင်ဘာ ၁၂ရက်၌ ၎င်းကပြောကြားသည်။

ဗီလာခံစစ်မှူး လူကီယန်း အင်္ဂလန်ကစားသမားအဖြစ်မှအနားယူ

လန်ဒန် နိုဝင်ဘာ ၁၂

အင်္ဂလန်နောက်တန်းကစားသမား လူကီယန်းသည် အင်္ဂလန်နိုင်ငံ လက်ရွေးစင်အဖြစ်မှ အနားယူလိုက်ပြီဖြစ်ကြောင်း ၎င်း၏အေးဂျင့်က ပြောကြားသည်။ အသက် ၃၀ရှိ ယန်းသည် ယင်းဆုံးဖြတ်ချက်ကို ပြီးခဲ့သည့်နှစ်ကတည်းက ချမှတ်ခဲ့ခြင်းဖြစ်ကြောင်း၊ သို့သော် လူသိရှင်ကြား ကြေညာခြင်းမှာ ယခုမှသာ ပြုလုပ်နိုင်ခဲ့ကြောင်း ၎င်းကပြောကြားသည်။

ကစားခဲ့ခြင်းမရှိ

အက်စ်တွန်ဗီလာကစားသမား လူကီယန်းသည် အင်္ဂလန်အသင်းအတွက် ခုနစ်ပွဲပါဝင်ကစားပေးခဲ့သည်။ ၎င်းသည် ၂၀၀၅ ခုနှစ်ကတည်းက အာဂျင်တီးနားနှင့် ပြိုင်ပွဲအပြီး အင်္ဂလန်အသင်းတွင် ပါဝင်ကစားခဲ့ခြင်းမရှိပေ။

(အင်တာနက်)

မိုးမောက်မြို့နယ် ပြန်/ဆက်ဦးစီးဌာန လုပ်ငန်းညှိနှိုင်းဆွေးနွေး

မိုးမောက် နိုဝင်ဘာ ၁၂

ကချင်ပြည်နယ် ဗန်းမော်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမောင်မောင်ညွန့်သည် အောက်တိုဘာ ၁၆ရက်က မိုးမောက်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးခန်းမ၌ မြို့နယ်ဦးစီးမှူး ဒေါ်လွန်းနန်းထွေးနှင့် ဝန်ထမ်းများအား တွေ့ဆုံပြီး လုပ်ငန်းညှိနှိုင်း ဆွေးနွေးပွဲကို ကျင်းပရာ ခရိုင်ဦးစီးအရာရှိ ဦးမောင်မောင်ညွန့်က မြို့နယ်စာကြည့်တိုက်များ စနစ်တကျရှိရေး၊ စာငှားကတ်စနစ်ဖြင့် ဆောင်ရွက်ရေး၊ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ စံ(၅)ချက်နှင့်အညီ စီမံဆောင်ရွက်ရေးနှင့် ဝန်ထမ်းများစည်းလုံးမှုဖြင့် ရှေ့ဆက်ကြိုးစားကြရန် ဆွေးနွေးပြောကြားသည်။ (မြို့နယ် ပြန်/ဆက်)

ရန်ကုန်အရှေ့ပိုင်းခရိုင် သာကေတမြို့နယ် အလက (၂) ကျောင်း သရဖီခန်းမ၌ နိုဝင်ဘာ၈ရက်က ဒုတိယအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲ အခမ်းအနား ကျင်းပရာ ကျောင်းသား ကျောင်းသူဟောင်း တပည့်များအား ကန်တော့ခံ ဆရာကြီး ဦးလှမြင့်က သြဝါဒစကား ပြောကြားစဉ်။ (၁၁၆)

မလှိုင်ပြည်သူ့ဆေးရုံကြီးအတွက် ချွဲစုပ်စက်လှူဒါန်း

မလှိုင် နိုဝင်ဘာ ၁၂

မလှိုင်မြို့နယ် ပြည်သူ့ဆေးရုံကြီးအတွက် ချွဲစုပ်စက်နှင့် အလှူငွေပေးအပ်လှူဒါန်းပွဲကို အောက်တိုဘာ ၂၄ ရက်က အဆိုပါဆေးရုံဝင်းအတွင်းရှိ သံဃာဆောင်၌ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌ ဦးသန်းရွှေက အဖွင့်အမှာစကားပြောကြားပြီး အလှူရှင်ဖြစ်သော မိတ္ထီလာစီးပွားရေးတက္ကသိုလ် ကထိက ဒေါက်တာဖြူဖြူသိန်းက လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်း ပြောကြားသည်။

ထို့နောက် အလှူရှင် ဒေါက်တာဖြူဖြူသိန်းက ချွဲစုပ်စက်နှင့် အလှူငွေကျပ် တစ်သိန်းကို မြို့နယ်ဥက္ကဋ္ဌ ဦးသန်းရွှေနှင့် လက်ထောက်ဆရာဝန် ဒေါက်တာ ရာဇာကိုကိုအောင်ထံ ပေးအပ်လှူဒါန်းရာ(**အပေါ်ပုံ**) မြို့နယ်ဥက္ကဋ္ဌက ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်ပြီး မြို့နယ်ဆရာဝန်ကြီးကိုယ်စား ဒေါက်တာဖြူဖြူဝင်းက ကျေးဇူးတင်စကား ပြောကြားသည်။ (၀၈၂)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၃-၁၁-၂၀၀၉ (သောကြာနေ့)

နံနက်ပိုင်း

၅:၀၀	MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+အာဠာနာဋိယသုတ်
၅:၁၅	MRTV-4 သတင်း
၆:၀၀	မြကျောက်ဆရာတော် ဘဒ္ဒန္တခေမာစာရ ဟောကြားတော်မူသောတရားတော်
၆:၄၅	ပုသိမ်မြို့ကျက်သရေဆောင် ရွှေမုဋ္ဌောစေတီတော်
၇:၀၀	MRTV-4 သတင်း
၇:၄၅	MRTV-4 ကာတွန်းအစီအစဉ်
၈:၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **သဲလွန်စများ** (အပိုင်း-၁၉)
၈:၃၀	25 th SEA Game အတွက် ကြိုတင်ပြင်ဆင်နေမှုများ (ကရာတေးဒို)
၈:၅၅	နှစ်စဉ်မပျက်နွဲလို့ပျော် မြို့ရွှေဆည်ရဲ့ ဆင်လှူပွဲတော်
၉:၂၀	Movie Talk (ဒါရိုက်တာကြည်စိုးထွန်း၊ အကယ်ဒမီထွန်းလှိုင်) (အပိုင်း-၂)
၁၀:၁၅	စာပေမိတ်ဆက် (သန့်အောင်သင်ပါမိဘဆရာ) (ဒေါက်တာ ခင်မောင်လွင်)
၁၀:၄၅	Make in a Delicious Way (ထိုင်းအစားအစာပြုလုပ်နည်း)
၁၁:၁၀	Activities in the City (Dagon Bio-Disc Passed Water)
၁၁:၃၅	Music Talk (ဝိစိတြ)
၁၁:၅၀	ဖက်ရှင်လမ်းညွှန် (ကျစ်ဆံမြီးဖက်ရှင်) Konomi
၁၂:၀၅	တားဆီးကာကွယ်လူတုပ်ကွေး အန္တရာယ် (၄က်ပျောကြော်၊ နှင်းဣကို) (ဒါရိုက်တာ-မျိုးအေး)
၁၂:၁၀	တေးဂီတအစီအစဉ်
၁၂:၂၅	Science Tech Today
၁၂:၄၅	ထူးထွေဆန်းပြားအနုပညာ ကျွမ်းဘား
၁:၀၀	မြကျောက်ဆရာတော် ဘဒ္ဒန္တခေမာစာရ ဟောကြားတော်မူသောတရားတော်
၂:၀၀	MRTV-4 သတင်း
၂:၄၅	World of Knowledge (Under Water)
၃:၄၅	ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
၃:၅၅	စာပေမိတ်ဆက် (သန့်အောင်သင်ပါမိဘဆရာ) (ဒေါက်တာ ခင်မောင်လွင်)
၄:၂၅	နှစ်စဉ်မပျက်နွဲလို့ပျော် မြို့ရွှေဆည်ရဲ့ ဆင်လှူပွဲတော်
၄:၅၀	Science Tech Today
၅:၀၅	VJ Choice
၅:၃၅	သူတို့ပြောတဲ့ သူတို့အကြောင်း သရုပ်ဆောင်ဝင်းနိုင်(အနုပညာ) နှင့် တွေ့ဆုံခြင်း (အပိုင်း-၂)
၆:၀၀	MRTV-4 သတင်း
၆:၂၀	လှပသစ်ဆန်းအလှပြင်ခန်း (Hana Beauty Saloon)
၆:၄၅	ဖက်ရှင်လမ်းညွှန် (ကျစ်ဆံမြီးဖက်ရှင်) Konomi
၇:၀၀	Make in a Delicious Way (ထိုင်းအစားအစာပြုလုပ်နည်း)
၇:၂၅	FMF Selection
၈:၀၀	MRTV-4 သတင်း
၈:၃၀	VJ Choice
၉:၀၀	သူတို့ပြောတဲ့ သူတို့အကြောင်း သရုပ်ဆောင်ဝင်းနိုင်(အနုပညာ)နှင့် တွေ့ဆုံခြင်း (အပိုင်း-၂)
၉:၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **သဲလွန်စများ** (အပိုင်း-၁၉)
၁၀:၀၀	ကဏ္ဍစုံလင် အားကစားအစီအစဉ်
၁၁:၄၅	ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
၁၁:၅၅	Activities in the City (Dagon Bio-Disc Passed Water)
၁၂:၁၅	PC လုံခြုံရေး
၁၂:၃၀	ရလဒ်ကောင်းများနှင့် Organic
၁၂:၄၀	ဖြူးချောင်းတံတား
၁၂:၅၀	လှပသစ်ဆန်းအလှပြင်ခန်း (Hana Beauty Saloon)
၁:၀၀	အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူ ကြည့်ရှုနိုင်ပါသည်။

ကျောက်စုဆောင်း

ကံမမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သော ဘုရင့်နောင်လမ်း ကတ္တရာခင်းရန်ကျောက်စုဆောင်းမှုကို နိုဝင်ဘာ၄ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသိန်းနိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသန်းဦးတို့ ကွင်းဆင်းဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

အောင်ဆန်းသူရိယလှသောင်းကျောင်း အထက(၂)မဂ်လာဒုံ ကျောင်းသားကျောင်းသူများ အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၁၂

အောင်ဆန်းသူရိယလှသောင်းကျောင်း အထက(၂)မင်္ဂလာဒုံ ကျောင်းသားကျောင်းသူများ၏ (၉)ကြိမ်မြောက် အသက်(၆၀)ပြည့် အငြိမ်းစား ဆရာဆရာမကြီးများအား အာစရိယပူဇော်ပွဲကို ၂၀၁၀ ခုနှစ် ဇန်နဝါရီ ၄ ရက်(လွတ်လပ်ရေးနေ့) တနင်္လာနေ့ နံနက်၉ နာရီတွင် အထက(၂) အောင်ဆန်းသူရိယလှသောင်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ကြပါရန်နှင့် ပါဝင်လှူဒါန်းလိုပါက အလှူငွေများကို ဗိုလ်မှူးစိုးမြင့်အောင် ဖုန်း-၀၉-၅၀-၅၅၅၆၂၊ ဗိုလ်မှူးထင်ကျော်(ငြိမ်း) ဖုန်း- ၀၉-၈၅-၅၃၁၈၄၊ ဦးရဲထွဋ် ဖုန်း-၀၉- ၉၉-၂၄၈၆၅၊ ဦးစိန်ဝင်း ဖုန်း-၀၉-၈၀-၃၁၄၀၁၊ ဦးလှမင်း ဖုန်း-၀၉-၅၁-၉၇၅၉၈၊ ဒေါ်ချိုနွယ်ဦး ဖုန်း-၀၉-၈၀-၂၁၄၃၉၊ ဦးမင်းနိုင် ဖုန်း-၀၉-၉၉-၂၆၁၂၆၊ ဦးနေမျိုး ဖုန်း-၀၁-၅၄၄၃၄၀၊ ဦးဇော်လင်း ဖုန်း-၀၉-၅၁-၅၅၂၈၁၊ မိုးစပယ် ဖုန်း-၀၁-၆၁၅၃၉၁၊ ဒေါ်တင်စန်းဝင်း ဖုန်း- ၀၉-၈၀-၂၂၉၃၇၊ ဦးစိုးဝင်း ဖုန်း-၀၁-၆၁၅၁၈၅ နှင့် ဦးမောင်မောင်မြင့် ဖုန်း- ၀၉-၅၀-၂၈၈၆၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (မြန်မာ့အလင်း)

ဖြူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ဆောင်ရွက်သည့် ကညွတ်ကွင်းမြို့ အမှတ်(၄)လမ်း ကတ္တရာခင်းခြင်း လုပ်ငန်းကို နိုဝင်ဘာ၆ရက်က ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်ဝင်းနှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသက်လွင်ဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဇော်ဇော်စန်းတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မြန်မာ့အလင်း အမြို့မြို့ အနယ်နယ် လိုတိုရှင်းသတင်းများ

ဆီဆိုင်မြို့နယ်၌ အထကကျောင်း တိုးမြှင့်ဖွင့်လှစ်

ဆီဆိုင်မြို့နယ် နောင်တော်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲကို အခြေခံပညာ အထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့် ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၂၁ရက်ကကျင်းပရာ ယင်းအခမ်းအနားတွင် မြို့နယ်ပညာရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခိုင်ထွန်းက ပညာရေးထောက်ပံ့ငွေကျပ်သုံးသိန်းကို ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီးက လက်ခံယူသည်။ (၀၁၅)

ခန္တီး ခရိုင်ဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲကျင်းပ

ခန္တီးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၁၃ရက် ညနေ ၃နာရီက ခန္တီးမြို့ ပြည်သူ့ အားကစားကွင်း၌ ကျင်းပသည်။ ပထမနေ့ပွဲစဉ်အဖြစ် ခန္တီးမြို့နယ်နှင့် ဟုမ္မလင်းမြို့နယ်တို့ ယှဉ်ပြိုင်ကစားကြရာ ခန္တီးမြို့နယ်က ခုနစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။ *(ခရိုင် ပြန်/ဆက်)*

မိုးကောင်း၌ ဥယျာဉ်သာယာလှပရေးဆောင်ရွက်

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် စမ်းမြသီတာဥယျာဉ် သန့်ရှင်းသပ်ရပ်ရေးနှင့် သာယာလှပရေးအတွက် အဖွဲ့ပိုင်ဝန်ထမ်းများ အောက်တိုဘာ ၉ရက်က ဥယျာဉ်အတွင်း ချုံနွယ်ပေါင်းမြက်ရှင်းလင်းခြင်းနှင့် နှစ်ရှည်ခံအရိပ်ရပင်များ ကိုင်းဖြတ်ပုံဖော်ပြုပြင်ခြင်းလုပ်ငန်းများကိုအမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူးဦးဝင်းနိုင် ကြီးကြပ်ဆောင်ရွက်ပေးသည်။ **(၀၀၁)**

ကျုံပျော်မြို့ ရွှေညောင်ပင်လမ်း ကျောက်ချောခင်း

ကျုံပျော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း မြို့ပြလမ်းဖြစ်သော ရွှေညောင်ပင်လမ်း(သောင်ကြီး)အရှည်ပေ (၆၆၀× ၈×၀ဒ၁သမ၇)အား ကျောက်ချောလမ်းခင်းရန်အတွက် ကျောက်များ စုဆောင်းထားရှိမှုကို အောက်တိုဘာ ၂ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန့်ဇင်သိန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသန်းထွန်းတို့ ကွင်းဆင်းကြီးကြပ်ကြသည်။ *(မြို့နယ်စည်ပင်)*

သာယာဝတီမြို့၌ ပန်းအလှပင်ပုံဖော်

သာယာဝတီမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့သာယာလှပရေးအတွက် အဖွဲ့ဝန်ထမ်းများစုပေါင်း၍ အောက်တိုဘာ ၂၇ရက်က မြို့ဝင်ဆိုင်းဘုတ်ဝန်းကျင်တွင် ပန်းအလှပင်များပုံဖော်ခြင်းနှင့် ပေါင်းမြက်ရှင်းခြင်းလုပ်ငန်းများကို အမှုဆောင်အရာရှိ ဦးအောင်အောင်ဖြိုး၏ ကြီးကြပ်မှုဖြင့် ဆောင်ရွက်ကြသည်။ ***(မြို့နယ် ပြန်/ဆက်)***

စာဆိုတော်နေ့ကျင်းပရေး မိုးညှင်း၌ဆွေးနွေး

၁၃၇၁ခုနှစ် မြန်မာနိုင်ငံစာဆိုတော်နေ့အထိမ်းအမှတ် စာပေဟောပြောပွဲကို ကချင်ပြည်နယ် မိုးညှင်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့က ပင်းဟဲစံပြကျေးရွာ သုတကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် ကော်မတီနှင့်ပူးပေါင်း၍ ပင်းဟဲစံပြကျေးရွာ၌ နိုဝင်ဘာ ၁၇ရက်တွင် ကျင်းပမည်ဖြစ်သည်။ *(၀၀၂)*

စဉ့်ကိုင်၌ စာပေအကျိုးကျေးဇူး ဟောပြော

စဉ့်ကိုင်မြို့နယ် မင်းလှကျေးရွာ မင်းလှရွှေပြည်စာကြည့်တိုက်၌ အောက်တိုဘာ ၁၄ ရက် နံနက် ၁၀ နာရီက စာပေဟောပြောပွဲကျင်းပရာ စဉ့်ကိုင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်တင်တင်ထွေးက ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်များနှင့် စာပေဖတ်ရှုလေ့လာခြင်းဖြင့် ရရှိသောအကျိုးကျေးဇူးများကို ဟောပြောသည်။ ***(မြို့နယ် ပြန်/ဆက်)***

စာကြည့်တိုက်များရှင်သန်ရေး ဝိုင်းမော်၌ဆွေးနွေး

ကချင်ပြည်နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးညွန့်ရွှေသည် အောက်တိုဘာ ၂၇ရက်က ဝိုင်းမော်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများနှင့်တွေ့ဆုံကာ ကျေးရွာစာကြည့်တိုက်များ ရှင်သန်ခိုင်မာရေးလုပ်ငန်းများနှင့် ၂၀၀၉-၂၀၁၀ခုနှစ်အတွက် ချမှတ်ထားသော လုပ်ငန်းတာဝန်(၁၁)ရပ်တို့ကို ဆွေးနွေးကြသည်။ *(မြို့နယ် ပြန်/ဆက်)*

ပခုက္ကူခရိုင်၌ ပညာသင်စရိတ်ထောက်ပံ့

မကွေးတိုင်း ပခုက္ကူခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနရုံး၏ ၂၀၀၉-၂၀၁၀ ပညာသင်နှစ်အတွက် ဝန်ထမ်းမိသားစုများ၏ သားသမီးများအား ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲကို အောက်တိုဘာ ၇ရက် နံနက် ၈နာရီက အဆိုပါရုံး၌ကျင်းပရာ မကွေးတိုင်းလူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးမှူး ဦးချိုထွန်းက အမှာစကားပြောကြားပြီး ဝန်ထမ်း သားသမီးကိုးဦးအား ပညာသင်ထောက်ပံ့ကြေးပေးအပ်သည်။ **(၀၇၀)**

ဇလွန်၌ ရေနုတ်မြောင်းများရှင်းလင်း

ဇလွန်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ ရေစီးရေလာကောင်းမွန်ရေးအတွက် ရေနုတ်မြောင်းများ ရှင်းလင်းခြင်းကို အောက်တိုဘာ ၁ရက်က အဒါးလမ်းတစ်လျှောက် စုပေါင်းဆောင်ရွက်ရာသို့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်ဇော်ဝင်းက ကြီးကြပ်ဆောင်ရွက်သည်။ *(မြို့နယ်စည်ပင်)*